# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၁၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (9-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၁၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ဘယ်လာရုစ်နိုင်ငံမှ ပြန်လည်ထွက်ခွာ၊ ရုရှားနိုင်ငံ ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်းသို့ သွားရောက်ကြည့်ရှုလေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် မတ် ၈**

ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာလူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့် (Offical State Visit) ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁**



ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၉ ရက်

**အယ်ဒီတာ့အာဘော်**

# မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ လူကာရှန်ကော့၏ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဘယ်လာရုစ်နိုင်ငံသို့ မတ် ၆ ရက်နေ့က ရောက်ရှိခဲ့ရာ ဘယ်လာရုစ်သမ္မတနိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို မတ် ၆ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မင့်စ်မြို့ President ဟိုတယ်၌ကျင်းပရာ **"မြန်မာနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့အကြား ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါး၊ စက်မှုလက်မှုနှင့်ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံနှင့် သိပ္ပံနှင့်ခေတ်မီနည်းပညာများကိုလေ့လာနိုင်စေရန်အတွက်လည်း ပညာသင်ကျောင်းသားများကိုစေလွှတ်နိုင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများကို အစပြုနိုင်ပြီဖြစ်ကြောင်း ကြားသိရသည့်အတွက်လည်း များစွာဝမ်းမြောက်ရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် အလေးထားစဉ်းစားပေးမှုအတွက် များစွာကျေးဇူးတင်ရှိကြောင်း ယခုနေရာမှပြောကြားလိုကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် မတ် ၇ ရက် ဒေသစံတော်ချိန် မနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့ သီးသန့်တွေ့ဆုံကြစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံရေးနှင့် ကာကွယ်ရေးပိုင်းဆိုင်ရာဆက်ဆံရေးများရှိသည့် နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည့်အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံကြားနားလည်မှုစာချွန်လွှာများရေးထိုးမည့်အခြေအနေများ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများကြား ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပနိုင်မှုအခြေအနေများ၊ နို့ထွက်ပစ္စည်းများထုတ်လုပ်ခြင်း၊ စက်မှုကုန်ကြမ်းသီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံကြား အစိုးရများကြားပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများကို လဲလှယ်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတလူကာရှန်ကော့အား အဂ္ဂမဟာသရေစည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအလိုက်အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနေပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဖော်ဆောင်လျက်ရှိသကဲ့သို့ မိတ်ဖက်နိုင်ငံဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ၏ ခေတ်မီနည်းပညာနှင့် ပံ့ပိုးကူညီမှုများရရှိပါက မြန်မာနိုင်ငံရှိ လုပ်သားအင်အားများ၏စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာပြီး နှစ်ဦးနှစ်ဖက်ပိုမိုတည်တံ့ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က)** ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

**(ခ)** နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

**(ဂ)** နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

**(ဃ)** ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# အင်းဝမြို့ဟောင်းရှိအဆောက်အအုံများ ရှေးမူမပျက်ရေရှည်ပြုပြင် ထိန်းသိမ်းနိုင်ရန် ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**မန္တလေး မတ် ၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိလောကသရဖူ ဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး (စည်တိုပုံမြို့ရိုး)ကျုံးတို့ကို ရှေးမူမပျက် ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၇ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီးဦးစီးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်းဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)ကျုံးတို့ကို ရှေးမူမပျက် ရေရှည်ပြုပြင် ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးဖြစ်ကြောင်း၊ ယခင်အစည်းအဝေးမှ ဆောင်ရွက်ရမည့်ကဏ္ဍများအလိုက် မြေပြင်ကွင်းဆင်းလေ့လာ သုံးသပ်တွေ့ရှိချက်များကို အချက်အလက်တိကျမှန်ကန်ပြည့်စုံစွာပြုစု၍ အမြန်ဆုံး တင်ပြသွားနိုင်ရေး၊ လုပ်ငန်းများ ချောမွေ့စွာ ပြီးမြောက်အောင်မြင်ရေးကိုအလေးထားကာ ဆက်နွယ်ဌာနအချင်းချင်း ချိတ်ဆက်၍ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုစနစ်အကောင်းဆုံးဖြင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် ဖွဲ့စည်းတာဝန်ပေးထားသည့်အဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များဖြစ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့ရာတွင်လေ့လာသုံးသပ်တွေ့ရှိချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေး တင်ပြကြပြီးနောက် ဌာနဆိုင်ရာ တိုင်းဒေသကြီး ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မှုအစီအမံများ၊ ကြုံတွေ့နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**မအူပင် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၃၅၈၈ ဧကကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်အတွင်းမှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဆီထွက်သီးနှံစုံ ၁၃၅၈၈ ဧကလျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေအသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဌာနက ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဆီထွက်သီးနှံကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံစုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့မှပင့်ဆောင်လာသည့် စွယ်တော်ပွားသုံးဆူကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားသုံးဆူတွင် လှူဒါန်းပူဇော်



**မန္တလေး မတ် ၈**

သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့တွင် ကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရင်ငွေ့လှုံပူဇော်၍ ပင့်ဆောင်လာသည့် စွယ်တော်ပွားများအနက် စွယ်တော်ပွားသုံးဆူကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားသုံးဆူတို့တွင် ကိန်းဝပ်ပူဇော်ထားရှိရန် မတ် ၇ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းမှုအစီအစဉ်တွင် အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ် နန်းမြို့ဆုတောင်းပြည့်စေတီတော်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရား ဂန္ဓကုဋိတိုက်တွင် ကိန်းဝပ်ပူဇော်ထားရှိရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ကိုထိုက်ထံသို့ လည်းကောင်း၊ ရွှေကျီးမြင်ဘုရားလိုဏ်ဂူတော်အတွင်း ကိန်းဝပ်ပူဇော်ထားရှိရန် တိုင်းမှူးက ဂေါပကအဖွဲ့ဥက္ကဋ္ဌထံသို့ လည်းကောင်း၊ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိမဟာရွှေသိမ်တော်ဆုတောင်းပြည့်မြတ်စွာဘုရား ဂန္ဓကုဋိတိုက်တွင် ကိန်းဝပ်ပူဇော်ထားရှိရန် တိုင်းဒေသကြီး သာသနာရေးမှူးက ဂေါပကအဖွဲ့ဥက္ကဋ္ဌထံသို့လည်းကောင်း လှူဒါန်းပေးအပ်ခဲ့ကြောင်းနှင့် အများပြည်သူ ဖူးမြော်နိုင်ရန် လှူဒါန်းပူဇော်ထားကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကလေးမြို့ အောင်သစ္စာရပ်ကွက်နေ ဒေါ်ခင်မူ မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ပြင်ဦးလွင်မြို့နယ် နောင်ပိန်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် မတ် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နောင်ပိန်းလေးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၇ ရက် နံနက်ပိုင်းက နောင်ပိန်းလေးကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးထိုက်မှ စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၄၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နောင်ပိန်းလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၄၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို ပြောပြ၍သိရသည်။

**အောင်ရဲကျော်**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဗိုလ်ကိတ်ပဲများကို ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များမှ ဝယ်ယူပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ ရောင်းချခြင်းဖြစ်ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို ရန်ကုန်စျေးကွက်အပြင် အခြားဒေသများသို့ပါတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို ဖေဖော်ဝါရီလထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက် ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုများပြားနေပါတယ်။ ကျုံပျော်မြို့နယ်က ကုန်သည်၊ ပွဲရုံလုပ်ငန်းရှင်တွေအနေနဲ့ ဒေသထွက်ဗိုလ်ကိတ်ပဲတွေ၊ စပါးတွေကို ရန်ကုန်စျေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်စျေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့မှုများပြားလာတော့ ကုန်သည်၊ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ လုပ်ငန်းအဆင်ပြေနေပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုများပြားလာခြင်းကြောင့် တောင်သူများ၊ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ခင်ဦးမြို့နယ်တွင် မြေပဲ ၃၄၀၂၁ ဧက နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၅၉ ဒသမ ၅၂ တင်းထွက်ရှိ

**ခင်ဦး မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် မြေပဲ ၃၄၀၂၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၉ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း ခင်ဦး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၀၂၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၉ ဒသမ ၅၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၃၄၀၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက် ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲတစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။

(၂၀၆)



# ကြိုးစားအားထုတ်သလောက် အရာမထင်တတ်သည်ကို သတိပြုကျော်လွှားပါ

စီးပွားရေးလုပ်ငန်းများတွင် လွတ်လပ်စွာ ကုန်သွယ်မှုကို လုပ်ငန်းရှင်များက ကြိုက်နှစ်သက်တတ်ကြသည်။ စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးသည် ပြိုင်ဆိုင်မှုကိုလွတ်လပ်စွာ လုပ်ကိုင်မှသာလျှင် တိုးတက်သည်ဟုခံယူထားတတ်ကြသည်။ သို့ရာတွင် ပြိုင်ဆိုင်မှု အလွန်အကြူးလုပ်ကိုင်ကြသည့်အခါတွင် ကြိုးစားအားထုတ်သလောက် အရာမထင်သည်ကိုလည်း တွေ့မြင်နိုင်သည်။ ကျောင်းသားများတွင် အပြိုင်အဆိုင် အပြင်းအထန်ကြိုးပမ်းကြရပြီး စာမေးပွဲတွင် ရမှတ်ကောင်းစွာမရရှိခြင်း၊ စာမေးပွဲပြီးနောက်တွင်လည်း အလုပ်အကိုင်ကောင်းစွာမရရှိခြင်းစသည့်အခြေအနေမျိုးများသည်လည်း လက်ရှိခေတ်တွင်ကြုံတွေ့နေရသည်။ ထို့ကြောင့် ကြိုးပမ်းအားထုတ်သလောက် အကျိုးခံစားခွင့်ရရှိရန်လိုအပ်သည်။ စီးပွားရေးလုပ်ငန်းငယ်များတွင် ပြိုင်ဆိုင်မှုအများအပြားကို လုပ်ကိုင်နေကြရသော်လည်း ပြိုင်ဆိုင်မှုကြောင့် ပင်ပန်းမှုများသာကြုံတွေ့ရပြီး ပြိုင်ဆိုင်မှုများပြီးသည့်အခါတွင်လည်း ကောင်းစွာအကျိုးအမြတ်မရရှိသည်ကို တွေ့ကြုံနေကြရသည်။ ထိုအခြေအနေများကို ကျော်လွှားနိုင်ရန် လိုအပ်သည်။

**တရုတ်နိုင်ငံ၏လက်ရှိအခြေအနေ**

တရုတ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မြန်ဆန်စွာတိုးတက်လာနေသည်ဟု ကမ္ဘာတစ်ခုလုံးက နားလည်ထားကြသည်။ တရုတ်လူမျိုးများသည် စီးပွားရေးလုပ်ငန်းများကို ကြိုးစားအားထုတ်လုပ်ကိုင်ကြသည်၊ တစ်ဦးနှင့်တစ်ဦး၊ တစ်မြို့နှင့်တစ်မြို့ အပြိုင်အဆိုင် ကြိုးစားကြသည်ကိုတွေ့နေရသည်။ အလွန်အကြူး ပြိုင်ဆိုင်ရောင်းဝယ်ကြသည်များကိုလည်း တွေ့မြင်နေရသည်။ သို့သော်လည်း မည်မျှပင်အားထုတ်ကြိုးပမ်းပါသော်လည်း ကြိုးစားသလောက် အရာမထင်ဘဲ တိုးတက်မှုနှေးကွေးလေးလံနေသည်ကို တွေ့နေရသည်။ လက်ရှိအခြေအနေတွင် တရုတ်နိုင်ငံ၏ စီးပွားရေးသည် ရှုပ်ထွေးပြီး အမျိုးမျိုးပြောင်းလဲနေသည်။ ယခင်က ဂျီဒီပီတွင် တိုးတက်မှုများ ကြုံတွေ့ခဲ့ကြရပြီး လူတစ်ဦးချင်း စီးပွားရေးအခြေအနေမှာလည်း များစွာတိုးတက်ပြီး ချမ်းသာကြွယ်ဝမှုအများအပြားဖြစ်ပေါ်ခဲ့သည်။ ယခုအခါတွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် နှေးကွေးလာပြီး တရုတ်ဘာသာဖြင့် Neijuan ဟုခေါ်သော စီးပွားရေးတိုးတက်မှုမရှိဘဲ ရှုပ်ထွေးနေခြင်းကို ရင်ဆိုင်နေရသည်။

အိမ်ခြံမြေကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် ကြုံတွေ့ရသော အကျပ်အတည်းများ၊ ပြည်တွင်းသုံးစွဲမှုပိုင်းတွင် ကျဆင်းလာမှုများနှင့် ကမ္ဘာ့စီးပွားရေးသည်လည်း ကိုဗစ်-၁၉ ပြီးနောက် ကောင်းစွာတိုးတက်မလာသေးခြင်းနှင့်ဆက်စပ်ပြီး ကုန်သွယ်မှုကျဆင်းခြင်းများ ကြုံတွေ့နေရသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံတွင် အိမ်ခြံမြေဆိုင်ရာ စီးပွားရေးလုပ်ငန်းများသည် အရေးပါသောကဏ္ဍမှပါဝင်ပြီး ယခုအခါတွင် အကြွေးပြဿနာများနှင့် အိမ်ရာဝယ်လိုအားကျဆင်းခြင်းများကြောင့် လုပ်ငန်းရှင်များ အခက်အခဲနှင့်ကြုံတွေ့နေရသည်မှာလည်း စီးပွားရေးလုပ်ငန်းများအတွက် အခက်ကြုံစေကြောင်း သိရသည်။ ပြည်တွင်းထုတ်ပစ္စည်းများကို ပြည်တွင်းတွင် ဝယ်ယူသုံးစွဲမှုလျော့ကျခြင်းနှင့် အလုပ်လက်မဲ့နှုန်းမြင့်တက်ခြင်းများလည်း ကြုံတွေ့နေရသည်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများနှင့် ကမ္ဘာလုံးဆိုင်ရာငွေကြေးဖောင်းပွမှုများသည် တရုတ်နိုင်ငံ၏ စီးပွားရေးကို များစွာသက်ရောက်မှုများဖြစ်စေလျက်ရှိသည်။

**ကြုံတွေ့နိုင်သည့်အချက်များ**

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခြားသူများလုပ်ကိုင်နေသည့်လုပ်ငန်းများ အောင်မြင်နေသည့်နေရာကိုစုပြုံပြီး ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ပြိုင်ဆိုင်မှုများပြင်းထန်လာပြီး ထိုလုပ်ငန်းများတွင် လုပ်သလောက် အကျိုးအမြတ်မရှိသည်မျိုးကြုံရနိုင်သည်။ ထိုအချက်ကိုသတိပြုပြီး လုပ်ငန်းများကို တစ်မျိုးတည်းတွင် စုပြုံတိုးဝှေ့လုပ်ကိုင်နေခြင်းမျိုးမဖြစ်စေရေးအတွက် သတိပြုပြီး လုပ်ငန်းများ လုပ်ကိုင်ကြရန်လိုအပ်သည်။ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသည် လုပ်ငန်းတစ်ခုတည်းတွင် ပိုင်ဆိုင်သမျှအားလုံး ထည့်သွင်းရင်းနှီးမြှုပ်နှံခြင်းမျိုးမလုပ်ဘဲ အခြားသောစီးပွားရေးလုပ်ငန်းများ၊ အရန်လုပ်ငန်းများလည်း ဆောင်ရွက်ကြရန် လိုအပ်သည်။

> ❖ **စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခြားသူများလုပ်ကိုင်နေသည့်လုပ်ငန်းများ အောင်မြင်နေသည့်နေရာကိုစုပြုံပြီး ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ပြိုင်ဆိုင်မှုများပြင်းထန်လာပြီး ထိုလုပ်ငန်းများတွင် လုပ်သလောက် အကျိုးအမြတ်မရှိသည်မျိုးကြုံရနိုင်သည်။ ထိုအချက်ကိုသတိပြုပြီး လုပ်ငန်းများကို တစ်မျိုးတည်းတွင်စုပြုံတိုးဝှေ့လုပ်ကိုင်နေခြင်းမျိုးမဖြစ်စေရေးအတွက် သတိပြုပြီး လုပ်ငန်းများလုပ်ကိုင်ကြရန်လိုအပ်သည်။ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသည် လုပ်ငန်းတစ်ခုတည်းတွင် ပိုင်ဆိုင်သမျှအားလုံး ထည့်သွင်းရင်းနှီးမြှုပ်နှံခြင်းမျိုးမလုပ်ဘဲ အခြားသောစီးပွားရေးလုပ်ငန်းများ၊ အရန်လုပ်ငန်းများလည်း ဆောင်ရွက်ကြရန် လိုအပ်သည်။** ❖

တရုတ်စကားပုံတစ်ခုတွင် "ပိုင်ဆိုင်သမျှ ကြက်ဥများကို ခြင်းတစ်ခုထဲတွင် မထည့်ပါနှင့်"ဟု ဆိုသည်။ ဆိုလိုသည်မှာ ပိုင်ဆိုင်သမျှ ငွေကြေးအရင်းအနှီးများကို လုပ်ငန်းတစ်ခုထဲတွင် ရှိသမျှပုံအောရင်းနှီးမြှုပ်နှံခြင်းဖြင့် အဆိုပါလုပ်ငန်းဆုံးရှုံးလျှင် မိမိပိုင်ဆိုင်သမျှအားလုံးဆုံးရှုံးပြီး စီးပွားပျက်တတ်သဖြင့် အခြားသောလုပ်ငန်းများကို တစ်ပြိုင်နက်လုပ်ကိုင်ခြင်း သို့မဟုတ် ပိုင်ဆိုင်သမျှ၏တချို့တစ်ဝက်ကိုသာ လုပ်ငန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံပါဟုဆိုလိုခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံအနေဖြင့်ခြုံငုံကြည့်လျှင် ထိုသို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်း၊ လုပ်သလောက်အရာမထင်ခြင်းမျိုး မဖြစ်ရန်အတွက် နည်းပညာပိုင်း တိုးတက်အောင်မြှင့်တင်ခြင်း၊ အရင်းအမြစ်စီမံခန့်ခွဲမှုများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ မူဝါဒများပြောင်းလဲခြင်း၊ စီးပွားရေးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးခြင်းများလိုအပ်သည်။ ယခုအခါ နိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်း၊ နည်းပညာတိုးတက်အောင် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့နိုင်သည်။ မြန်မာလုပ်ငန်းရှင်ငယ်များသည် အခြားလုပ်ငန်းငယ်တစ်ခုဖွံ့ဖြိုးတိုးတက်လာပြီး အောင်မြင်လာလျှင် အဆိုပါလုပ်ငန်းမျိုးကို လိုက်ပါလုပ်ကိုင်တတ်ကြသည်။ ထိုသို့ လုပ်ကိုင်သည့်အခါတွင် ယခင်လုပ်ငန်းအတွက် ပြိုင်ဘက်နည်းစဉ်က ရရှိခဲ့သောအကျိုးအမြတ်မျိုးကို မရရှိနိုင်သကဲ့သို့ နောက်ထပ်ဝင်ရောက်လာသော လုပ်ငန်းတူပြိုင်ဘက်များသည်လည်း လုပ်ကိုင်ရသလောက် အကျိုးအမြတ် ပြန်လည်ရရှိမှုနည်းပါးနေတတ်သည်။

၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်ခန့်တွင် Phone Sim Card များကို တစ်ကတ်လျှင် ထောင်ဂဏန်းမျှဖြင့် ဝယ်ယူရရှိလာသည့်အခါတွင် ဖုန်း Hand Set များ ပိုမိုရောင်းဝယ်လာရသဖြင့် အဆိုပါလုပ်ငန်းများ အများအပြား ပေါ်ပေါက်လာသည်ကိုကြည့်၍ ဖုန်းဆိုင်များသည် တစ်ဆိုင်နှင့်တစ်ဆိုင် ခတ်တိုင်တစ်တိုင်တောင်မခြားဘဲ တစ်မြို့လုံးပတ်နေသည်ဟု မိတ်ဆွေတစ်ဦးက ပြောခဲ့ဖူးသည်။ ထိုအဖြစ်အပျက်များမကြာမီတွင် ဖုန်းဆိုင်ဖွင့်လှစ်သူများသည် လုပ်သလောက် အကျိုးအမြတ်ပြန်မရကြဘဲ တဖြည်းဖြည်းလုပ်ငန်းကျဆင်းပြီး ဈေးကွက်ပျက်ပြားကာ ဆိုင်အများအပြား ပျောက်ကွယ်သွားသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုတွင် အကျိုးအမြတ်ကောင်းနေသည်ကိုတွေ့ရုံဖြင့် ဝိုင်းဝန်းစုပြုံပြီး ဝင်ရောက်လုပ်ကိုင်ကြခြင်းဖြင့် မည်သူမျှအကျိုးမရှိသည်ကို သတိပြုပြီး ကိုယ်ကျွမ်းကျင်သောလုပ်ငန်းများ၊ သေချာစွာလေ့လာပြီးမှ လုပ်ကိုင်သင့်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ပြင် နည်းပညာပိုင်းကို ပိုမိုအားထားပြီး လုပ်ငန်းခွင်တွင် လုပ်ကိုင်ကြရန်လိုအပ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများသည် ရာသီဥတုကို များစွာမှီခိုရသဖြင့် နည်းပညာပိုင်းကို ပိုမိုအားထားပြီး လုပ်ကိုင်ကြရန် လိုအပ်လာသည်။

ဥပမာ- ရေကြီး၊ မိုးခေါင်ဒဏ်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံသော သီးနှံမျိုးများရွေးချယ်စိုက်ပျိုးခြင်း၊ လုပ်သားရှားပါးမှုကို ကျော်လွှားနိုင်ရန် စက်ကိရိယာများဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်း စသည်မျိုးဖြစ်သည်။

**အောင်မြင်စေရေး ဆောင်ရွက်ရမည့်နည်းလမ်းများ**

စီးပွားရေးရှုပ်ထွေးပြီး အကျိုးအမြတ်နည်းပါးသည့်အခြေအနေကို အောင်မြင်စွာကျော်လွှားနိုင်ရေးအတွက် အောက်ပါအချက်များကို ဆောင်ရွက်သင့်သည်။

- မတူကွဲပြားသော စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခြင်း၊
- နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုများ လုပ်ကိုင်ခြင်း၊
- ပညာရေးနှင့်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းခြင်း၊
- အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်း၊
- ပြည်ပတင်ပို့မှုနှင့် နိုင်ငံတကာ ကုန်သွယ်ရေးကို ဆောင်ရွက်ခြင်း၊

မတူကွဲပြားသော စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ခြင်းဆိုရာတွင် အထက်ကရှင်းလင်းခဲ့သကဲ့သို့ လုပ်ငန်းအမျိုးအစားတစ်မျိုးတည်းတွင် သူရောငါပါ စုပြုံတိုးဝှေ့ပြီး လုပ်ကိုင်နေကြသည်မျိုး မလုပ်ဘဲ မိမိကျွမ်းကျင်သည့်လုပ်ငန်းကိုလုပ်ကိုင်၍ အများစုပြုံတိုးဝှေ့နေသော လုပ်ငန်းများနှင့်ကွဲပြားသည့် လုပ်ငန်းများတွင် လုပ်ကိုင်ကြရန်၊ ရင်းနှီးမြှုပ်နှံကြရန် လိုအပ်သည်။ ထို့ပြင် လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းတစ်ခုတည်းအပေါ် များစွာမှီခိုထားခြင်းအစား အခြားသောလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း လုပ်ကိုင်ကြရန်လိုအပ်သည်။ ကုန်ထုတ်လုပ်မှုကိုလုပ်ကိုင်သည့် လုပ်ငန်းငယ်များကို အရောင်းအဝယ်လုပ်ငန်းများနှင့်ယှဉ်တွဲအကောင်အထည်ဖော်ခြင်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ၊ ကျွမ်းကျင်မှုကို အားကိုးလုပ်ဆောင်ရသည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်သင့်သည်။

နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုများကို လုပ်ကိုင်ခြင်းဖြင့် လုပ်ရိုးလုပ်စဉ် စီးပွားရေးလုပ်ငန်းများတွင် ကြုံတွေ့ရနိုင်သည့် တိုးတက်မှုမရှိဘဲ ရှုပ်ထွေးနေခြင်း၊ အကျိုးအမြတ်နည်းပါးခြင်းဟူသောအချက်များကို ကျော်လွှားရန်အတွက် နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများနှင့် အခြားသူများ၏ သမားရိုးကျလုပ်ငန်းများမှ ကွဲထွက်နေသော ဆန်းသစ်တီထွင်မှုများကို လုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်များပြားအောင် ဆောင်ရွက်နိုင်သည်။ ယခုခေတ်တွင် ဖေ့စ်ဘွတ်၊ တွတ်တာ၊ အင်စတာဂရမ်၊ တယ်လီဂရမ်နှင့် တစ်တော့ စသောနည်းပညာများကြောင့် သာမန်လုပ်ငန်းများ၊ သာမန်လူများအားလုံးသည် နေ့ချင်းညချင်း အောင်မြင်မှုများကို ရရှိလာနိုင်သည်ကို တွေ့ရသည်။ ဆန်းသစ်တီထွင်မှုများတွင်လည်း ပုံမှန်သမားရိုးကျလုပ်ငန်းများကို ဆန်းသစ်တီထွင်မှုများဖြင့် ယှဉ်တွဲလုပ်ကိုင်ခြင်းဖြင့် ဈေးကွက်သစ်နှင့် ဖောက်သည်များကို ပိုမိုဆွဲဆောင်နိုင်ပြီး အကျိုးအမြတ်များ ပိုမိုရရှိလာနိုင်သည်။

ပညာရေးနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်လည်း လုပ်ငန်းနှင့် ဝင်ငွေတိုးတက်အောင် လုပ်ဆောင်နိုင်သည်။ လုပ်ငန်းခွင်ရှိ လုပ်သားများကျွမ်းကျင်မှုတိုးတက်အောင် ပြုလုပ်ပေးခြင်း၊ ပညာရေးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် ဈေးကွက်သစ်များသို့ တက်လှမ်းနိုင်ခြင်း၊ ကျွမ်းကျင်မှုကြောင့် ဖောက်သည်များကို ပိုမိုဆွဲဆောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများမှ ဝင်ငွေတိုးတက်လာခြင်းမျိုးဖြစ်လာနိုင်သည်။ ပညာရေးတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ကျွမ်းကျင်မှုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတူပြိုင်ဘက်များထက်သာအောင် ဆောင်ရွက်နိုင်လာမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မရှိမဖြစ်သည့် စီးပွားရေးလုပ်ငန်းအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာပြီး ဈေးကွက်ကျယ်ပြန့်လာမည်ဖြစ်သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၃၇၂၁ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၃၇၂၁ ဧက ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၉၀၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၇၂၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ မတ်ပဲဧက ၁၉၀၄၀ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၄ မှအဆက်

အစိုးရကလည်း အသေးစား၊ အလတ်စားလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်း၊ ဦးစားပေးခြင်းတို့ကြောင့် အဆိုပါလုပ်ငန်းများသည် ဈေးကွက်၊ နည်းပညာနှင့် ကုန်ထုတ်လုပ်မှုများကို မျှတအောင်လုပ်ကိုင်နိုင်ခြင်းဖြင့် အကျိုးအမြတ်ကောင်းကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ဆန်ကုန်သည်တစ်ဦးသည် ဆန်စက်ထူထောင်လုပ်ကိုင်ခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်ခြင်း၊ ဆီကုန်သည်တစ်ဦးသည် ဆီစက်တည်ထောင်လုပ်ကိုင်ခြင်း၊ ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ခြင်းတို့ဖြစ်သည်။ ထိုသို့အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများကိုလုပ်ကိုင်လာခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏စီးပွားရေးနှင့် ဂျီဒီပီကိုပါ တိုးတက်လာစေမည်ဖြစ်သည်။

ပြည်တွင်းတွင် လုပ်ငန်းတူများဖြင့် ဈေးကွက်ကျဉ်းမြောင်းခြင်းများကို အချို့သောစီးပွားရေးကဏ္ဍများတွင် ကြုံတွေ့လာရသည့်အခါ ပြည်ပဈေးကွက်များသို့ပါ လုပ်ငန်းကိုတိုးချဲ့နိုင်ရန် စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ပဈေးကွက်အခြေအနေများကို တိုးချဲ့နိုင်ရန် လေ့လာထားရမည်ဖြစ်သည်။ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများအပြင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်သွားရမည်ဖြစ်သည်။ ပြောင်းလဲမှုများကို ကြောက်ရွံ့မှုမရှိဘဲ အသစ်စတင်သင့်ပါကလည်း စတင်နိုင်ရန် ပြင်ဆင်ထားရမည်။ ပိုမိုကောင်းမွန်သော နည်းပညာနှင့်ကျွမ်းကျင်မှုရှိအောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းအတွက် သေချာစွာမဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ခြင်း၊ သေချာစွာ စီမံကွပ်ကဲခြင်းများကိုပါ ဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်များတိုးပွားလာစေနိုင်သည်။

မိမိတို့စီးပွားရေးလုပ်ငန်းများတွင် ပြိုင်ဆိုင်မှုများပြင်းထန်ပြီး အကျိုးအမြတ်မှာလုပ်သလောက်အကျိုးမရှိဖြစ်နေပါက ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဒုတိယလုပ်ငန်းများကို အကောင်အထည်ဖော်ရေးကိုပါ ဆောင်ရွက်သွားနိုင်ရန် ကြိုးစားကြရမည်ဖြစ်သည်။ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံကြီး တစ်နိုင်ငံတွင် ကြုံတွေ့နေရသော စီးပွားရေးအတွေ့အကြုံများပေါ်တွင် သင်ခန်းစာများရယူပြီး မိမိလုပ်ငန်းကို ပိုမိုအောင်မြင်တိုးတက်ရေးနှင့် အကျိုးအမြတ်တိုးပွားလာရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားနိုင်စေရန် ရေးသားလိုက်ရပါသည်။

**ကိုးကား**

– google and AI Questions and answers

**မျိုးသူ(ကုန်သွယ်မြှင့်)**

---

## မိတ်ကောင်းမိတ်ဆွေ စာပေ

– စာပေသည် မိတ်ဆွေစစ်မို့
တိုးကာချစ် ဖတ်မှတ်နေ၊
စာဖတ်သူ ဘဝလမ်း
အေးချမ်းမယ်လေ၊
အမှန်အမှား တွေ့ကြုံစေ
စာပေသည် အလင်းပြ၊
လူ့ပြည်ဝယ် ရတနာမျိုး
ဖိုးထိုက်ပေစွ။

– စာဖတ်ပါ နေ့တိုင်းကျင့်
ဉာဏ်ရည်ပွင့် ထူးချွန်လျှင်၊
အရာရာသည် မြင်သမျှ
အပြစ်မမြင်၊
လောကလည်း အလှဆင်
ကိုယ့်ရင်ဝယ် တည်ငြိမ်အေး၊
တိုင်းပြည်နယ် ကောင်းကျိုး
သယ်ပိုးတယ်လေး။

– စာဖတ်လျှင် နှလုံးသားလှ
အမုန်းများက ကင်းစင်ကာ၊
ရည်ရွယ်ရာ အနာဂတ်
ဖြောင့်မတ်လို့လာ၊
စိတ်သွားတိုင်း ကိုယ်ကပါ
ဘဝမှာ အမှားမဖြစ်၊
နေ့တိုင်းသည် အခက်မတွေ့
ပျော်မွေ့နေ့သစ်။ ။

**ချစ်သက်(မြန်မာစာ)**

---

**ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်




**ဆိုးလ် မတ် ၈**

ရာဇဝတ်ကြောင်း စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်တစ်ရပ်အရ ထုတ်ပြန်ထားသော ဖမ်းဝရမ်းကို ဆိုးလ်အလယ်ပိုင်းခရိုင် တရားရုံးက ပယ်ဖျက်ပေးခဲ့ပြီးနောက်ယနေ့တွင် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးမှာ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

သမ္မတယွန်းဆွတ်ယိုးကို အစိုးရအဖွဲ့ကို ပုန်ကန်ဖြုတ်ချရန်ကြိုးပမ်းမှု စွပ်စွဲချက်ဖြင့် စစ်ဆေးမေးမြန်းရေးအတွက် တရားရုံး၏ဖမ်းဝရမ်းအရ တောင်ကိုရီးယားရဲတပ်ဖွဲ့က ဇန်နဝါရီ၁၉ရက်တွင်စတင်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါဖမ်းဝရမ်းကို ဆိုးလ်အလယ်ပိုင်းခရိုင်တရားရုံးက မတ် ၇ ရက်တွင် ပယ်ဖျက်ပေးခဲ့ပြီးနောက် သမ္မတယွန်းဆွတ်ယိုးမှာ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။

သမ္မတယွန်းဆွတ်ယိုးသည်ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃ ရက်က စစ်အုပ်ချုပ်ရေးဥပဒေ ကြေညာပြဋ္ဌာန်းရန်ကြိုးစားမှုဖြင့် လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုနှင့် ရင်ဆိုင်ခဲ့ရပြီး သမ္မတအာဏာများ ရပ်သိမ်းခံထားရသည်။

ထို့ပြင် သမ္မတယွန်းဆွတ်ယိုးကို အစိုးရအဖွဲ့အား ပုန်ကန်ဖြုတ်ချရန်ကြိုးစားမှုဖြင့် တောင်ကိုရီးယားအစိုးရရှေ့နေများက စွဲချက်တင်ထားသည်။

သမ္မတယွန်းဆွတ်ယိုးသည်ရာဇဝတ်မှု စွဲချက်တစ်ရပ်ကြောင့် ဖမ်းဆီးခံခဲ့ရသည့် ပထမဆုံးသော တည်ဆဲ တောင်ကိုရီးယားသမ္မတဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဥရောပသမဂ္ဂ၏ စစ်ရေးအစီအစဉ်များကို တုံ့ပြန်ရဖွယ်ရှိကြောင်း ရုရှားအစိုးရပြောကြား

**မော်စကို မတ် ၈**

ဥရောပသမဂ္ဂအား စစ်ပုံသွင်းရန်ကြိုးပမ်းမှုများကို ရုရှားနိုင်ငံအနေဖြင့် တုံ့ပြန်ရန်လိုအပ်ဖွယ်ရှိကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က မတ် ၇ ရက်တွင် ပြောကြားခဲ့သည်။

ဥရောပ ခေါင်းဆောင်များအနေဖြင့် ရုရှားကို အဓိကရန်သူအဖြစ်သတ်မှတ်၍ ဥရောပသမဂ္ဂကို စစ်ပုံသွင်းရန် ကြိုးစားနေကြောင်း ဒီမီထရီ ပက်စကော့က ဝေဖန်ထားသည်။

ကာကွယ်ရေးအသုံးစရိတ်များ မြှင့်တင်ရေးနှင့် ယူကရိန်းကိုဆက်လက်အားပေးကူညီပေးရေး အစီအစဉ်များကို ဥရောပခေါင်းဆောင်များက မတ် ၆ ရက်တွင် သဘောတူထားကြသည်။

လက်ရှိအချိန်တွင် ဥရောပသမဂ္ဂအနေဖြင့် စစ်ရေးအဖွဲ့အစည်းအဖြစ် ရပ်တည်ရေးအတွက် တက်တက်ကြွကြွ ဆွေးနွေးနေကြသည်ကို မိမိတို့တွေ့မြင်နေရကြောင်း ဒီမီထရီပက်စကော့က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ရုရှားနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂ၏ စစ်ရေးအဖွဲ့အစည်းအဖြစ် ရပ်တည်ရေးကြိုးပမ်းမှုများကို တုံ့ပြန်ရန် လိုအပ်လာနိုင်ဖွယ်ရှိကြောင်း ဒီမီထရီပက်စကော့ ပြောကြားခဲ့သည်။

သမ္မတ ဒေါ်နယ်ထရန့်၏ လက်ထက်တွင် အမေရိကန်နိုင်ငံခြားရေးမူဝါဒများ အကြီးအကျယ်ပြောင်းလဲခဲ့ရပြီးနောက် ကာကွယ်ရေးအသုံးစရိတ်မြှင့်တင်ရန် ဥရောပသမဂ္ဂက ကြိုးပမ်းလာခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တည်ဆောက်ဆဲ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောကို မြောက်ကိုရီးယားနိုင်ငံက ပထမဆုံးအကြိမ် ထုတ်ဖော်ပြသ

**ပြုံယမ်း မတ် ၈**

တည်ဆောက်ဆဲနျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးကို မြောက်ကိုရီးယားနိုင်ငံက ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါတည်ဆောက်ဆဲ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောကို မြောက်ကိုရီးယားနိုင်ငံက နိုင်ငံပိုင် ကေစီအင်န်အေသတင်းဌာနမှတစ်ဆင့် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် အဆိုပါရေငုပ်သင်္ဘောကို တည်ဆောက်နေသည့် သင်္ဘောကျင်းသို့ ကိုယ်တိုင်သွားရောက်စစ်ဆေးခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာန၏ အဆိုအရ သိရသည်။



အဆိုပါနျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောကို မဟာဗျူဟာမြောက် နျူကလီးယားစွမ်းအင်သုံး ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောအဖြစ် ကြေညာထားသော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

ကျွမ်းကျင်သူများ၏ အဆိုအရ အဆိုပါ ရေငုပ်သင်္ဘောသည် အလေးချိန် တန် ၆၀၀၀ နှင့် ၇၀၀၀ ကြားရှိပြီး ဒုံးကျည် ၁၀ စင်းထိ သယ်ဆောင်နိုင်ဖွယ် ရှိကြောင်း သိရသည်။

မြောက်ကိုရီးယား၏ အဆိုပါ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောသည်တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ကို ခြိမ်းခြောက်နိုင်သည့် မဟာဗျူဟာမြောက် လက်နက်စနစ်တစ်ခု ဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ခါ့ချ်ဒေသရှိ ယူကရိန်းတပ်ဖွဲ့ဝင် ရာပေါင်းများစွာ ပိတ်ဆို့ဝန်းရံခံရမည့်အခြေအနေတွင်ရှိနေ

**မော်စကို မတ် ၈**

ရုရှားနိုင်ငံ ခါ့ချ်နယ်မြေအတွင်း ရောက်ရှိနေသော ယူကရိန်းတပ်ဖွဲ့ဝင် ရာပေါင်းများစွာတို့မှာ ရုရှားတပ်များ၏ ပိတ်ဆို့ဝန်းရံခံရမည့် အခြေအနေတွင်ရှိကြောင်း မတ် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

ခါ့ချ်နယ်မြေတိုက်ပွဲ မြေပုံသစ်အထောက်အထားများအရ ရုရှားတပ်များသည် ယူကရိန်းတပ်များကို နှစ်ပိုင်းဖြတ်တောက်ထားပြီး အဓိက ယူကရိန်းအင်အားစုများ၏ အရေးပါသည့် ထောက်ပို့လမ်းကြောင်းများလည်း ပြတ်တောက်နေကြောင်း သိရသည်။

ယူကရိန်းအရှေ့ပိုင်း စစ်မြေပြင်၌ ရုရှားတပ်များ၏ ထိုးစစ်အရှိန်ကိုလျှော့ချနိုင်ရေးရည်ရွယ်ချက်ဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ယူကရိန်းတပ်များက ရုရှားနိုင်ငံ အနောက်ပိုင်း ခါ့ချ်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြသည်။

သို့ရာတွင် လက်ရှိအချိန်၌ ခါ့ချ်နယ်မြေအတွင်းရှိ ယူကရိန်းတပ်များမှာ ရုရှားတပ်များ၏ ဝန်းရံပိတ်ဆို့ခံရမည့်အရေး သို့မဟုတ် ခါ့ချ်နယ်မြေအတွင်းမှ ဆုတ်ခွါပေးရတော့မည့်အခြေအနေနှင့် ရင်ဆိုင်ရနိုင်ကြောင်း စစ်ရေးကျွမ်းကျင်သူများက သုံးသပ်ထားသည်။

ရုရှားနှင့် အပစ်အခတ်ရပ်စဲရေးအတွက် ယူကရိန်းကို အမေရိကန်အစိုးရက ဖိအားပေးနေချိန်မှာပင် ခါ့ချ်နယ်မြေအတွင်းရှိ ယူကရိန်းတပ်များ ပိတ်ဆို့ခံရမည့်အခြေအနေနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ခါ့ချ်နယ်မြေကို ယူကရိန်းတပ်များကျူးကျော်မှုသည် ရုရှားနိုင်ငံအတွက် ၁၉၄၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြည်ပကျူးကျော်မှုဖြစ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



## ကျည်အပြည့်ဖြည့်ထားသည့်သေနတ်ဖြင့် လေယာဉ်ပေါ်တက်ရန်ကြိုးစားသည့် လူငယ်တစ်ဦးကို ဩစတြေးလျရဲတပ်ဖွဲ့ တရားစွဲ

**ဆစ်ဒနီ မတ် ၈**

ဩစတြေးလျနိုင်ငံ ဂျက်စတားလေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်တစ်စင်းပေါ်သို့ ကျည်အပြည့်ဖြည့်ထားသည့် သေနတ်တစ်လက်ကိုင်ဆောင်၍ တက်ရောက်ရန်ကြိုးစားခဲ့သော လူငယ်တစ်ဦးကို လေယာဉ်မှူး နှစ်ဦးနှင့် ခရီးသည် နှစ်ဦးတို့က ဝင်လုံးကာ ဖမ်းချုပ်ခဲ့ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်သည် ဗစ်တိုးရီးယားပြည်နယ် အဗာလွန်လေဆိပ်၌ မတ် ၆ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါလူငယ်သည် ပြုပြင်ထိန်းသိမ်းရေး အလုပ်သမားတစ်ဦးအဖြစ်ဟန်ဆောင်၍ ဂျက်စတား ခရီးသည်တင်လေယာဉ်ပေါ်သို့ တက်ရောက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လေယာဉ်မယ်တစ်ဦးက လေယာဉ်ဝင်ပေါက်၌ အကျိုးအကြောင်းမေးမြန်းနေစဉ် လူငယ်တွင် သေနတ်ပါလာကြောင်း သိလိုက်ရချိန်တွင် ခရီးသည်နှစ်ဦးနှင့် လေယာဉ်မှူးတစ်ဦးတို့က ဝင်လုံးကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အချင်းဖြစ်ပွားချိန်တွင် ဂျက်စတားခရီးသည်တင်လေယာဉ်ပေါ်၌ ခရီးသည် ဦးရေ ၁၅၀ ခန့်ရှိသော်လည်း တစ်ဦးတစ်ယောက်မျှ အထိအခိုက် မရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါလူငယ်ကို ဩစတြေးလျရဲတပ်ဖွဲ့က လက်နက်ကိုင်ဆောင်မှု၊ လေယာဉ်ကို ထိန်းချုပ်ရန်ကြိုးစားမှု၊ ခြိမ်းခြောက်မှုများဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Crew Dragon အာကာသလူသယ်ယာဉ် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ ရောက်ရှိနေ



**ဝါရှင်တန် မတ် ၈**

Crew 10 အမည်ရှိမစ်ရှင်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်မည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မတ် ၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X ကုမ္ပဏီတို့သည် Crew 10 မစ်ရှင်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မတ် ၁၂ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

Crew 10 မစ်ရှင်ဖြင့် လွှတ်တင်မည့် Crew Dragon အာကာသလူသယ်ယာဉ်ဖြင့်နာဆာအာကာသယာဉ်မှူးတစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦး၊ ဂျပန်အာကာသယာဉ်မှူး တစ်ဦးတို့လိုက်ပါသွားမည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်မှူးသုံးဦးတို့သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

Space-X နှင့် နာဆာတို့သည် မူလက Crew 10 မစ်ရှင်ကိုဖေဖော်ဝါရီလအတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် မစ်ရှင်အတွက် အသုံးပြုမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို စစ်ဆေးမှုများပြုလုပ်ရေးအတွက် လွှတ်တင်မည့်အချိန်ကို မတ် ၁၂ ရက် ထိ နောက်ဆုတ်ထားခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

## Space-X အာကာသနည်းပညာကုမ္ပဏီက Starship ဒုံးပျံယာဉ်ကို အဋ္ဌမအကြိမ်အဖြစ် စမ်းသပ်ပစ်လွှတ်ခဲ့

**ဝါရှင်တန် မတ် ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship ဒုံးပျံယာဉ်ကို မတ် ၆ ရက်က အဋ္ဌမအကြိမ်အဖြစ် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း မတ် ၇ ရက် သတင်းများအရ သိရသည်။

အဋ္ဌမအကြိမ် စမ်းသပ်ပစ်လွှတ်မှုတွင် Starship ဒုံးပျံယာဉ်၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ ကာရစ်ဘီယံဒေသအထက် လေထုလွှာအတွင်း ပေါက်ကွဲခဲ့ရကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် လွှတ်တင်ပြီး ခုနစ်မိနစ်အကြာတွင် Starship ဒုံးပျံ၏ ပင်မအဆင့်ဒုံးယာဉ်ဖြစ်သော စူပါဟဲဗီးဒုံးပျံယာဉ်မှာ ပစ်စင်ရှိရာ တိကျစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

မတ် ၆ ရက် အဋ္ဌမအကြိမ် စမ်းသပ်ပစ်လွှတ်မှုတွင် Starship ဒုံးပျံ၏ ပင်မဒုံးယာဉ်မှာ ပစ်စင်ရှိရာသို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သော်လည်း ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ လွှတ်တင်ပြီး ကိုးမိနစ်ကျော်အကြာတွင် ကာရစ်ဘီယံ ပင်လယ်ဒေသအထက်လေထုလွှာ



အတွင်း ပေါက်ကွဲခဲ့ကြောင်း Space-X ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သော သတ္တမအကြိမ်မြောက် စမ်းသပ် ပစ်လွှတ်မှုတွင်လည်း Starship ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ အတ္တလန္တိတ်သမုဒ္ဒရာအထက်၌ ပေါက်ကွဲခဲ့ရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့ဆီသို့ လူသားများပို့ဆောင်ရေးအတွက် Starship ဒုံးပျံယာဉ်များကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်သည်။

Ref : Xinhua News

Trs : KKO

## Intuitive Machines ကုမ္ပဏီ၏ အေသီနာလဆင်းယာဉ်က လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေရှိ မွန်းစ်မိုတန်ဒေသ၌ အောင်မြင်စွာဆင်းသက်နိုင်ခဲ့

**ဝါရှင်တန် မတ် ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machines ကုမ္ပဏီ၏ အေသီနာ လဆင်းယာဉ်သည် လကမ္ဘာ တောင်ဝင်ရိုးစွန်းနယ်မြေရှိ မွန်းစ်မိုတန်ဒေသ၌ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း မတ် ၇ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် အေသီနာလဆင်းယာဉ်သည် လပေါ်သို့အောင်မြင်စွာ ဆင်းသက်ခဲ့သော်လည်း အနေအထား မှန်မှန်ကန်ကန်ဖြင့် ဆင်းသက်နိုင်ခဲ့ဖွယ်မရှိကြောင်း Intuitive Machines ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အေသီနာ လဆင်းယာဉ်သည် လပေါ်သို့ဆင်းသက်ခဲ့ပြီးနောက် စွမ်းအင်ထုတ်လုပ်နိုင်ပြီး ကမ္ဘာမြေပြင်ပေါ်သို့ သတင်းအချက်အလက်များ ပြန်လည်ပေးပို့နေသော်လည်း အနေအထား မှန်မှန်ကန်ကန် ဆင်းသက်နိုင်ခဲ့ဖွယ်မရှိကြောင်း Intuitive Machines ကုမ္ပဏီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ဟု သိရသည်။

Intuitive Machines ကုမ္ပဏီသည် အမြင့် လေးမီတာရှိသော အေသီနာလဆင်းယာဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အေသီနာလဆင်းယာဉ်သည် Intuitive Machines ကုမ္ပဏီ၏ ဒုတိယမြောက် လဆင်းယာဉ်ဖြစ်သည်။

Intuitive Machines ကုမ္ပဏီ၏ ပထမဆုံးလဆင်းယာဉ်ဖြစ်သည့် Odysseus လဆင်းယာဉ်သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် လပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သော်လည်း တိမ်းစောင်းလျက် အနေအထားဖြင့် ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## နာတာရှည်စိတ်ဖိစီးမှုပြဿနာကြောင့် အမျိုးသမီးငယ်များ လေဖြတ်နိုင်ခြေမြင့်မားနိုင်

**ဟယ်လ်ဆင်ကီး မတ် ၈**

နာတာရှည် စိတ်ဖိစီးမှုပြဿနာကြောင့် အမျိုးသမီးငယ်များ၌ လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍မတ်၇ရက်သတင်းများအရ သိရသည်။

အထိုက်အလျောက် ပြင်းထန်သည့် စိတ်ဖိစီးမှုပြဿနာကြောင့် အမျိုးသမီးငယ်များ၌ လေဖြတ်နိုင်ခြေ ပုံမှန်ထက် ၇၈ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် နာတာရှည်စိတ်ဖိစီးမှုပြဿနာ ခံစားနေရသူ လူငယ်ပိုင်း အမျိုးသားများတွင်မူ လေဖြတ်နိုင်ခြေ မြင့်တက်လာမှုမရှိသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဖင်လန် သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၄၉ နှစ်ကြား လူပေါင်း ၄၂၆ ဦးတို့၏ ကျန်းမာရေး မှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နာတာရှည်စိတ်ဖိအားဝင်ရောက်မှု ပြဿနာကြောင့် အမျိုးသမီးငယ်များ၌ လေဖြတ်နိုင်ခြေ သိသိသာသာ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် စိတ်ဖိအားဝင်ရောက်မှုနှင့် လေဖြတ်နိုင်ခြေတို့ကြား ဆက်စပ်မှုကို လူငယ်ပိုင်း အမျိုးသားများတွင် မတွေ့ရကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

## Dementia ရောဂါဖြစ်ပွားမှုတားဆီးရာတွင် NSAIDs ဆေးများက အထောက်အကူပြုနိုင်

**အမ်စတာဒမ် မတ် ၈**

Aspirin နှင့် Ibuprofen ကဲ့သို့ စတီးရွိုက်မဟုတ်သည့် ရောင်ရမ်းမှုတိုက်ဖျက်ရေးဆေးများ (NSA-IDs)သည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို တားဆီးရာတွင် အထောက်အကူပြုနိုင်ကြောင်း မတ် ၇ ရက် သတင်းများအရ သိရသည်။

နယ်သာလန် သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ NSAIDs ဆေးများကို သုံးစွဲသူများ၌ Dementia ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၁၂ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

NSAIDs ဆေးများသည် Dementia ဖြစ်ပွားမှုနှင့်ဆက်စပ်နေသော ရောင်ရမ်းမှုများကို ဖိနှိပ်ပေးထားခြင်းဖြင့် ဦးနှောက်ကို အကာအကွယ် ပေးနိုင်ဖွယ်ရှိကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

နယ်သာလန်သုတေသနပညာရှင်များသည် လူပေါင်း ၁၂၀၀၀ ခန့်တို့၏ ဆေးမှတ်တမ်းများနှင့် ကျန်းမာရေး အခြေအနေများကို နှိုင်းယှဉ် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ NSAIDs ဆေးများကို ရေရှည်သုံးစွဲသူများ၌ Dementia ရောဂါဖြစ်နိုင်ခြေ နည်းပါးနေတတ်သည်ကို တွေ့ရကြောင်း၊ သို့ရာတွင် NSAIDs ဆေးများကို ရေတိုသုံးစွဲသူများနှင့် သာမန်မျှသာ အချိန်ယူသုံးစွဲခဲ့ရသူများတွင် အထက်ပါ အကျိုးကျေးဇူးမျိုး မတွေ့ရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘက်တစ်လူငယ် ကစားသမား ဂျီးဆပ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူရန် လီဗာပူးနှင့် ချဲလ်ဆီးအပြိုင်ကြိုးပမ်း

**လန်ဒန် မတ် ၈**

ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည့် ဘက်တစ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၁၉ နှစ်ရှိ တောင်ပံတိုက်စစ်ကစားသမား ဂျီးဆပ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။

လူငယ်ကစားသမား ဂျီးဆပ်ရိုဒရီဂွက်ဇ်သည် ၂၀၂၄ ခုနှစ် စက်တင်ဘာလက အသင်းကြီးနှင့်စတင် ပူးပေါင်းခွင့်ရခဲ့ပြီးနောက် နည်းပြပယ်လီဂရီနီ၏ ယုံကြည်မှုကိုရခဲ့သောကြောင့် ယခုနှစ်ပြိုင်ပွဲများတွင် ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ကာ ဇန်နဝါရီလက ကစားခဲ့သည့် အလာဗက်အသင်းနှင့် ပွဲစဉ်တွင် အသင်းအတွက် ပထမဆုံးဂိုးသွင်းယူပေးနိုင်ခဲ့သကဲ့သို့ ရီးရဲလ်မက်ဒရစ်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင်လည်း အသင်းအတွက် အနိုင်ဂိုးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ လာလီဂါပြိုင်ပွဲတွင် ဘာစီလိုနာအသင်း လူငယ်ကစားသမား ယာမယ်နှင့် အပြိုင် ခြေစွမ်းပြကစားနိုင်ခဲ့သည်။

ဘက်တစ်အသင်းက ဂျီးဆပ်ရိုဒရီဂွက်ဇ်ကို ပြီးခဲ့သည့် စက်တင်ဘာလက စာချုပ်ဖျက်သိမ်းကြေးယူရို သန်း ၅၀ ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုထားသော်လည်း လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့က ကစားသမား၏စွမ်းဆောင်ရည်ကို နှစ်သက်နေကာ အနာဂတ်စီမံကိန်းအတွက် အသုံးပြုရန် ဆုံးဖြတ်ထားသဖြင့် စာချုပ်ဖျက်သိမ်းကြေးဖြင့် ခေါ်ယူနိုင်ရန် အပြိုင်ကြိုးပမ်းနေခြင်းဖြစ်သည်။

ဂျီးဆပ်ရိုဒရီဂွက်ဇ်သည် ညာတောင်ပံတိုက်စစ်ပိုင်းတွင် ကစားနေသော်လည်း ဘယ်တောင်ပံတွင်လည်း ပါဝင်ကစားနိုင်သူဖြစ်ပြီး ဘောလုံးဆွဲယူရာတွင် ထူးချွန်သည့်အပြင် လျင်မြန်မှုလည်းကောင်းသည့်အတွက် နည်းပြပယ်လီဂရီနီ၏ စိတ်ကြိုက်ကစားသမားတစ်ဦးဖြစ်နေပြီး ယခုနှစ်ဘောလုံးရာသီ ပါဝင်ကစားခဲ့သည့် ပြိုင်ပွဲများတွင် မိနစ် ၉၀ ထိ စွမ်းဆောင်ရည်ကျဆင်းသွားခြင်းမရှိဘဲ အစွမ်းကုန်ကစားနိုင်သည့်အတွက် ၎င်း၏ လုပ်အားနှုန်းမှာ ပျမ်းမျှ ၈ ဒသမ ၄ ထက် ကျဆင်းသွားခြင်းမရှိဘဲ ယာမယ်နှင့်အပြိုင် တစ်ဦးချင်း စွမ်းဆောင်ရည်ကောင်းသည့် ကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

**Ref : 90min**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ❑ အာဆင်နယ်အသင်းနည်းပြ အာတီတာက နှစ်လအတွင်း အနိုကတ်နှစ်ကြိမ်ပြသခံရသည့် လူငယ်ကစားသမား စကယ်လီကို ဘောလုံးစည်းမျဉ်းများအပေါ် သင်ယူမှုများပြုလုပ်ရမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။
- ❑ မန်စီးတီးအသင်းက အေဗီလာအသင်း ကွင်းလယ်ကစားသမား ဂျက်ကော့ရမ်ဆေးကို ခေါ်ယူရန်အတွက် စတာလင်ပေါင် သန်း ၅၀ ထက် ပိုပေးသွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ ကွင်းလယ်ကစားသမား အီလီယော့က လီဗာပူးအသင်းတွင် ပွဲကစားခွင့်ကန့်သတ်ချက်ဖြင့် ကစားနေရသည်ကို စိတ်ပျက်မိကြောင်း ပြောကြားခဲ့သဖြင့် အသင်းတာဝန်ရှိသူများက လာမည့်နှစ်တွင် အငှားချသွားရန်စီစဉ်နေပြီး ကစားသမားကို အပြီးသတ်ရောင်းချရန်အတွက် လီဗာပူးအသင်းက စိုးရိမ်နေကြောင်း သိရသည်။

**ML**

# ဖေဖော်ဝါရီလ အကောင်းဆုံးဂိုးသမား ခြောက်ဦးစာရင်းတွင် အာဆင်နယ်ဂိုးသမား ရာယာပါဝင်လာ




**လန်ဒန် မတ် ၈**

ဖေဖော်ဝါရီလ တစ်လတာ အကောင်းဆုံးဂိုးသမားဆုအတွက် ဆန်ကာတင်ကစားသမား ခြောက်ဦး စာရင်းထုတ်ပြန်ခဲ့ရာ အာဆင်နယ်အသင်းအတွက် လက်စွမ်းပြကစားပေးနေသည့်ဂိုးသမားယာရာ ပါဝင်လာခဲ့ပြီး အကောင်းဆုံးဆုရရှိရန်ရေပန်းစားနေကြောင်း သိရသည်။

ဂိုးသမား ယာရာသည် ဖေဖော်ဝါရီလက ကစားခဲ့သည့် မန်စီးတီးအသင်းကို လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် မန်စီးတီးအသင်း ခံစစ်ကစားသမား ဂါဗာဒီရော၏ အနီးကပ်ခေါင်းတိုက်သွင်းမှုကို ကာကွယ်မှုပြုလုပ်နိုင်ခဲ့သောကြောင့် တစ်လတာအကောင်းဆုံး ကစားသမားစာရင်းတွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ထုတ်ပြန်ထားသည့် တစ်လတာအကောင်းဆုံး ဂိုးသမားစာရင်းတွင် နော်တင်ဟမ်ဂိုးသမား မက်ဆဲလ်က ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် အပိုင်အခွင့်အရေးတစ်ကြိမ်နှင့် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု လေးကြိမ်ကာကွယ်နိုင်ခဲ့ပြီး လီဗာပူးအသင်း ဂိုးသမား အယ်လစ်ဆန်က ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် အပိုင်အခွင့်အရေး သုံးကြိမ်ထိ ကာကွယ်နိုင်ခဲ့မှုကြောင့်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းဂိုးသမား အာရီအိုလာက ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်တွင်လည်းကောင်း၊ ဆောက်သမ်တန်ဂိုးသမား ရမ်ဒေးလ်က ဘုန်းမောက်နှင့် ပွဲစဉ်တွင်လည်းကောင်း၊ ဘုန်းမောက်ဂိုးသမား ကီပါကဝုဗ်အသင်းနှင့် ပွဲစဉ်တွင်လည်းကောင်း အပိုင်အခွင့်အရေးများကို ကာကွယ်နိုင်ခဲ့သောကြောင့် ဆန်ကာတင် ကစားသမားစာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။

ဂိုးသမား ရာယာသည် ယခုနှစ်ဘောလုံးရာသီတွင် ပြီးခဲ့သည့် ဩဂုတ်လကလည်း အကောင်းဆုံးဂိုးသမားဆုကို အေဗီလာအသင်း တိုက်စစ်မှူး ဝက်ကင်း၏ ခေါင်းတိုက်သွင်းမှုကိုကာကွယ်၍ ရရှိခဲ့ခြင်းဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ဂိုးမပေးရသည့် ပွဲစဉ် ၁၅ ပွဲထိ ရရှိခဲ့သောကြောင့် clean sheet အများဆုံး ရယူနိုင်သည့်ဂိုးသမားအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Daily Cannon**

**Trs : ML**

# Arnold Palmer Invitational ပြိုင်ပွဲ အမှတ်ပေးဇယားကို ရှိန်းလော်ရီ ဦးဆောင်

**ဖလော်ရီဒါ မတ် ၈**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင်ကျင်းပနေသည့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမနေ့တွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဝိုင်ဟမ်ကလက်ခ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်လည်းကောင်း၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါနှင့် ကနေဒါဂေါက်သီးရိုက်ကစားသမား ကွန်နာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ဒုတိယနေ့၏ အကောင်းဆုံးပြိုင်ပွဲဝင်ဖြစ်ခဲ့သည့် ရှိန်းလော်ရီက “ပြိုင်ပွဲအတွင်းမှာ ကြည့်လိုက်ပါ။ ကမ္ဘာ့အကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားတွေချည်းပဲ။ ပရိသတ်အင်အားကို ကြည့်မလား အံ့ဩစရာ ကောင်းလောက်အောင် များတယ်။ ဂေါက်ကွင်းကလဲ အကောင်းဆုံးဂေါက်ကွင်းတွေထဲက တစ်ကွင်းဖြစ်ပါတယ်။ ရာသီဥတုကလည်း အရမ်းကောင်းတယ်။ ဒီလောက်ကောင်းတဲ့ အခြေအနေမျိုးတွေရှိနေတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက် ဂေါက်သီးရိုက်ကစားသမားတိုင်းက ဒီပြိုင်ပွဲကို စိတ်ဝင်စားကြတယ်။ ဒါကြောင့် ပြိုင်ပွဲက အကြိတ်အနယ်ရှိပြီးတော့ ပါဝင်ယှဉ်ပြိုင်နေတဲ့ ပြိုင်ပွဲဝင်တိုင်းကလည်း ပျော်ရွှင်နေကြတယ်။ ကျွန်တော့်အနေနဲ့ အမှတ်ပေးဇယားကို ဦးဆောင်ခွင့် ရသွားတာ ဝမ်းသာဂုဏ်ယူပါတယ်။ နောက်နေ့တွေမှာလည်း အခုလိုအကောင်းဆုံးကစားနိုင်မယ်လို့ မျှော်လင့်ပါ တယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။



**Ref : RT**

**Trs : AZL**

# မန်ယူအသင်းက သက်တမ်းတိုးစာချုပ် ကမ်းလှမ်းခဲ့သော်လည်း ကိုဘီမိုင်နူးက ပယ်ချ၍ အသင်းမှထွက်ခွာရန်ပြင်ဆင်

**မန်ချက်စတာ မတ် ၈**

မန်ယူအသင်း လူငယ်ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးသည် မန်ယူအသင်း၏သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီးနောက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၁၉ နှစ်ရှိ ကိုဘီမိုင်နူးသည် မန်ယူအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့ပြီး နည်းပြဟောင်း တန်ဟတ်လက်အောက်တွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။




ကိုဘီမိုင်နူးသည် မန်ယူအသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် အင်္ဂလန်အသင်းတွင်လည်း ရွေးချယ်ခံခဲ့ရပြီး အသင်းကွင်းလယ်ပိုင်းတွင် ဒီကလန်ရိုက်နှင့်တွဲဖက်၍ အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ရှန်းကန်နေရပြီး လက်ရှိနည်းပြအာမိုရင် လက်အောက်တွင်လည်း ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသူဖြစ်သည်။

ကိုဘီမိုင်နူးနှင့် မန်ယူအသင်းတို့ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၇ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး မန်ယူအသင်းက လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း ကိုဘီမိုင်နူးက လုပ်ခလစာ တိုးမြှင့်ပေးခြင်းမရှိသည့်အတွက် ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိပါက လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းဝင်ငွေ ရရှိစေရန်အတွက် ရောင်းချသွားဖွယ်ရှိပြီး ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ ထိသတ်မှတ်ထားကြောင်း သိရသည်။

**Ref : Fabrizio Romanoo**

**Trs : STA**

# ONE Fight Night 29 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦးက ရုရှားဖိုက်တာ ဒီမီထရီကတ်ချွန်းကို ဒိုင်အမှတ်ဖြင့်ရှုံးနိမ့်



ရန်ကုန် မတ် ၈

ONE Championship က ကြီးမှူးပြီး မတ် ၇ ရက် ညပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ONE Fight Night 29 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦးသည် ကက်ဝိတ်တန်း ပွဲစဉ်အဖြစ် ရုရှားဖိုက်တာ ဒီမီထရီကတ်ချွန်းနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ONE Championship က မွေထိုင်းမျိုးဆက်သစ် ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် အပတ်စဉ် သောကြာနေ့များတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ONE Fight Night အမည်ဖြင့် ပြိုင်ပွဲကျင်းပနေခြင်းဖြစ်ပြီး နောက်ပိုင်းကာလများတွင် မြန်မာဖိုက်တာများ အနေဖြင့်လည်း ONE Championship နှင့်စာချုပ်ချုပ်ဆိုကာONE Fight Night ပြိုင်ပွဲများတွင် ထိုးသတ်နေခြင်းဖြစ်သည်။

ONE Fight Night 29 ပြိုင်ပွဲတွင် စိုးလင်းဦးသည် အဆိုပါပွဲစဉ်တွင် ဒီမီထရီကတ်ချွန်းကို အကောင်းဆုံး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ဒိုင်ဆုံးဖြတ်ချက်ခံယူရာတွင် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

စိုးလင်းဦးသည် ONE Championship နှင့် စာချုပ်မချုပ်ဆိုမီက သုံးပွဲဆက် အလဲထိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပုံစံကောင်းများ ပြသနိုင်ခဲ့သော်လည်း စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ထိုးသတ်ခဲ့သည့် သုံးပွဲတွင် အစောပိုင်းက ထိုင်းဖိုက်တာများ ဖြစ်သည့် နာဘီ၊ ဆက်ဆန်တိုကို ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း ဒီမီထရီကတ်ချွန်းကို ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် သုံးပွဲဆက် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

STA

# မြန်မာဖူဆယ် လိဂ်-၂ တွင် TG United အသင်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၈) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှ စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ TG United အသင်း နိုင်ပွဲရရှိခဲ့ပြီး အမှတ်ပေးဇယားကိုဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈ နာရီခွဲက KKY FC အသင်းနှင့် Pacific Sun Far FC အသင်းတို့ ကစားခဲ့ရာ KKY FC အသင်းက ကိုးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီက Black Cross FC အသင်းနှင့် Shwe Pyi Thar United အသင်းတို့ ကစားခဲ့ရာ Black Cross FC အသင်းက ရှစ်ဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက Gold Dream FC အသင်းနှင့် Let Wel Thone Nara FC အသင်းတို့ ကစားခဲ့ရာ Gold Dream FC အသင်းက ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီက JZ Young FC အသင်းနှင့်7 Brother FC အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲက YCDC Marga Youth FC အသင်းနှင့် 7 Dragon FC အသင်းတို့ ကစားခဲ့ရာတွင်လည်း တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ညနေ ၄ နာရီက Maryar FC အသင်းနှင့် TG United အသင်းတို့ ကစားခဲ့ရာTG United အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာဖူဆယ် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၈)အပြီးတွင် TG United အသင်းက ၁၄ ပွဲနိုင် နှစ်ပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၄၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိကြောင်း သိရသည်။

STA

# IBF Inter-continental ဝယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကို ဟာလမ်အူဘန့် ဆွတ်ခူးရရှိ

လန်ဒန် မတ် ၈

IBF Inter-continental ဝယ်သာဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား ဟာလမ်အူဘန့်နှင့် အိုင်ယာလန်လက်ဝှေ့သမား မက်ကင်နာတို့ မတ်လ ၇ ရက်က အင်္ဂလန်နိုင်ငံ ဘရိုက်တန်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဟာလမ်အူဘန့်က အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာလမ်အူဘန့်သည် မက်ကင်နာကို တစ်ဖက်သတ်တိအားပေး ထိုးသတ်နိုင်ခဲ့ပြီးငါးချီမြောက်တွင် တစ်ကြိမ်၊ ခုနစ်ချီမြောက်တွင် တစ်ကြိမ်၊ ၁၀ ချီမြောက်တွင် တစ်ကြိမ် လဲကျအောင် ထိုးသတ်နိုင်ခဲ့သည်။ ပထမနှစ်ကြိမ်တွင် ကြိုးဝိုင်းအတွင်း လဲကျခဲ့သော မက်ကင်နာက ပြန်လည်ထိုးသတ်နိုင်ခဲ့သော်လည်း ၁၀ ချီမြောက်တွင် လဲကျခဲ့ပြီးနောက် ထပ်မံထိုးသတ်ရန် မဖြစ်နိုင်တော့သည့် အခြေအနေကြောင့် အလဲထိုးရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့် ဟာလမ်အူဘန့်က ရှုံးပွဲမရှိစံချိန်အား ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကာ ကမ္ဘာ့ချန်ပီယံများကို စိန်ခေါ်သွားရန် စီစဉ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟာလမ်အူဘန့်သည် ဗြိတိန်လက်ဝှေ့လောကတွင် အရှိန်အဝါရှိခဲ့သူ ခရစ်အူဘန့်စီနီယာ၏ တူတော်စပ်သူတစ်ဦး ဖြစ်သကဲ့သို့ နာမည်ကြီးလက်ဝှေ့သမား ခရစ်အူဘန့်ဂျူနီယာ၏ ဝမ်းကွဲညီတော်စပ်သူဖြစ်ပြီး လက်ဝှေ့မျိုးရိုးမှ ဆင်းသက်လာခဲ့သူဖြစ်သည်။



ဟာလမ်အူဘန့်က "နောက်ထပ်စိန်ခေါ်ပွဲစဉ်အဖြစ် ကွန်နာဘင်နဲ့ ထိုးသတ်သွားချင်တယ်။ ကျွန်တော်ဟာ ဝယ်သာဝိတ်တန်းမှာ ထိုးသတ်နေတဲ့ လက်ဝှေ့သမားတစ်ဦးဖြစ်သလို ကွန်နာဘင်ရဲ့ ဝိတ်တန်းအမှန်ကလည်း ဝယ်သာဝိတ်တန်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့စိန်ခေါ်မှုကို ကွန်နာဘင်လက်ခံမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# တိုက်စစ်မှူး မာတီတာ ဖူလ်ဟမ်နှင့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲတွင် ပါဝင်နိုင်မည်ဟု နည်းပြဂလက်စ်နာပြောကြား

လန်ဒန် မတ် ၈

ပဲလေ့စ်အသင်း တိုက်စစ်မှူး မာတီတာသည် အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မီဝေါလ်အသင်းနှင့် ပွဲစဉ်တွင် ဦးခေါင်းထိခိုက်ဒဏ်ရာ ရရှိခဲ့သဖြင့် ဆေးရုံသို့ တက်ရောက်ကုသမှုခံခဲ့ပြီးနောက် ယခုအခါ ဒဏ်ရာသက်သာလာသောကြောင့် လာမည့် ဖူလ်ဟမ်အသင်းနှင့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဟု နည်းပြဂလက်စ်နာက ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၂၇ နှစ်ရှိ မာတီတာသည် မီဝေါလ်အသင်းနှင့်ပွဲစဉ်တွင် အသင်းတိုက်စစ်ကို ဦးဆောင်လာခဲ့ရာ ပွဲကစားချိန် ခြောက်မိနစ်အရောက်တွင် မီဝေါလ်အသင်း ဂိုးသမား ရောဘက်စ်က ၎င်း၏ ဦးခေါင်းကို ခြေထောက်ဖြင့် ကန်မိခဲ့သောကြောင့် ဆေးကုသမှုများ ခံယူခဲ့ပြီး ၁၀ မိနစ်အကြာ ကုသမှုခံယူခဲ့သော်လည်း ပြိုင်ပွဲကို ဆက်လက်ကစားနိုင်ခြင်း မရှိသဖြင့် အသင်းဖော်ကစားသမားအန်ကေးတီးယားနှင့် လူစားလဲကာ ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

အဆိုပါဖြစ်စဉ်တွင် မာတီတာသည် ဘယ်ဘက်နားရွက်ကွဲ ဒဏ်ရာ ကြောင့် ၂၇ ချက်ချုပ်ခဲ့ပြီး ယခုတစ်ပတ်အတွင်း ကစားရမည့် အစ်စ်ဝစ်အသင်းနှင့် ပွဲစဉ်ကို ပါဝင်နိုင်မည် မဟုတ်သော်လည်း နိုင်ငံတကာပြိုင်ပွဲကာလ ပြီးဆုံးချိန်ဖြစ်သည့် မတ် ၂၉ ရက်တွင် ကစားရမည့် ဖူလ်ဟမ်အသင်းနှင့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း နည်းပြဂလက်စ်နာက အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML





# Indian Wells တင်းနစ်ပြိုင်ပွဲဒုတိယအဆင့်တွင် ဇီရက်ဗ်က ဂရစ်စပူကို ရှုံးနိမ့်



အင်ဒီယန်းဝဲလ်စ် မတ် ၈

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီယန်းဝဲလ်စ်မြို့တွင် ကျင်းပနေသည့် Indian Wells တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဗ်နှင့် နယ်သာလန်တင်းနစ်ကစားသမား ဂရစ်စပူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂရစ်စပူက (၄-၆ ၊ ၇-၆ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂရစ်စပူက ပြိုင်ပွဲတွင် ပထမအဆင့်မှ စတင်ယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်သော်လည်း ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် ဇီရက်ဗ်က ဒုတိယအဆင့်မှစတင်၍ ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ဇီရက်ဗ်နှင့် ဂရစ်စပူတို့ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့သလို ပွဲငယ်နှစ်ပွဲမှာ tie-break အဆင့်အထိ ကစားခဲ့ရပြီး ဇီရက်ဗ်က ပထမပွဲငယ်တွင် ဖြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း နောက်မှလိုက်ကစားခဲ့ရသည့် ဂရစ်စပူက ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် နှစ်ပွဲဆက်တိုက်အနိုင်ရအောင် စွမ်းဆောင်ပြသွားနိုင်ခဲ့ပြီး တတိယအဆင့်ကို ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

ဇီရက်ဗ်အနေဖြင့် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဖြစ်သူ ဂျန်နစ်ခ်ဆင်နာ ပွဲပယ်ပြစ်ဒဏ်ကျခံချိန် ကမ္ဘာ့အဆင့်(၁)နေရာကို စိန်ခေါ်နိုင်မည့် အခြေအနေဖြစ်သော်လည်း ပုံစံကောင်း ပျောက်ဆုံးခဲ့ရာ ဒုတိယအဆင့်၌ပင် ရှုံးနိမ့်ခဲ့ရသည်။

ဇီရက်ဗ်က "ဒီပွဲစဉ်မှာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်းက ဆိုးဆိုးရွားရွားကိုဖြစ်ခဲ့တယ်။ စိတ်ပျက်စရာကောင်းတဲ့ စွမ်းဆောင်ရည်မျိုးပါ။ ကမ္ဘာ့အဆင့်(၁)နေရာကိုရယူဖို့ အခွင့်အရေးကောင်းတွေ ရှိလာတာတောင် အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့ဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဒေသဝက်မွေးမြူရေးကို စနစ်တကျစီးပွားဖြစ်မွေးမြူနိုင်အောင်ဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးအခန်းကဏ္ဍမှပါဝင်သည်။ မြန်မာနိုင်ငံသည် ရေ၊ မြေသဘာဝကောင်းမွန်သဖြင့် စိုက်ပျိုး၊ မွေးမြူရေးထွက်ကုန်များလည်း ပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော **"တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"**ဟုပါရှိသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေကြသူများဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများမှ အသား၊ ငါး၊ ပုစွန်၊ ကြက်ဥ၊ ဘဲဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ မွေးမြူထုတ်လုပ်လျက်ရှိသည်။

ကျေးလက်ဒေသ မွေးမြူရေးတိုးတက်လာစေရန် ရေရှည်စီမံကိန်းအနေဖြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ဘဲ မွေးမြူရေးကို အရည်အသွေးမီတိုးမြှင့်မွေးမြူထုတ်လုပ်ရေး အလေးထားဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ပြောကြားသော အမှာစကားတွင် **"မိမိတို့အနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာသမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးသို့သွားရန်လိုကြောင်း၊ ၎င်းအတွက် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသတွင်းနေထိုင်သည့်လူဦးရေနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်ဆိုပါက အသား၊ငါးများ ဈေးနှုန်းကြီးမြင့်မှုကို တတ်နိုင်သမျှထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ယူဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း"** ပြောကြားထားသည်။ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာပါက လိုအပ်သည့်အသားအာဟာရကို ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်သူများ၏စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိရေးဆောင်ရွက်နိုင်ကာ လူမှုဘဝမြင့်မားလာမည်ဖြစ်သည်။ ပြည်သူများဝင်ငွေတိုး၍ လူမှုစီးပွားမြင့်မားလာစေရေးနှင့် ဒေသတွင်း တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် နိုင်ငံတော်က ဒေသတွင်းမွေးမြူရေးလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက်လည်း ဝက်မွေးမြူသူများလုပ်ငန်းအောင်မြင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ထောက်ပံ့ချေးငွေများကိုလည်း ထုတ်ချေးပေးလျက်ရှိသည်။ ဒေသဝက်မွေးမြူရေးကို မိသားစု၏စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရည်ရွယ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အောက်ပါမွေးမြူရေးအခြေခံအချက်(၅)ချက်ကို လိုက်နာဆောင်ရွက်ရမည်။

၁။ မျိုးကောင်းမျိုးသန့်ရွေးချယ်မွေးမြူခြင်း
၂။ မွေးမြူနည်းစနစ်မှန်ကန်မှုရှိခြင်း
၃။ အစာအာဟာရကောင်းမွန်စွာကျွေးမွေးခြင်း
၄။ ရောဂါကြိုတင်ကာကွယ်ခြင်း
၅။ ဈေးကွက်ရှာဖွေဖော်ထုတ်ခြင်းတို့ဖြစ်သည်။

ဒေသဝက်မွေးမြူရေးကို မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးအတွက် ဦးတည်ဆောင်ရွက်ခြင်းကြောင့် စီးပွားရေးအကျိုးအမြတ်ရရှိစေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ စီးပွားရေးထုတ်ကုန်ပမာဏမြင့်မားရန်နှင့် ထုတ်ကုန်အရည်အသွေးကောင်းမွန်ရန်အတွက် မျိုးကောင်းမျိုးသန့်ဝက်များကိုသာ မွေးမြူရမည်။ ယခုအခါ ဝက်သားဈေးကွက်၌ အသားများပြီး အဆီနည်းသည့်ဝက်များကိုသာ စားသုံးသူများက နှစ်သက်ကြသည့်အတွက် ဈေးကွက်လိုအပ်ချက်ကို ဦးစားပေးထုတ်လုပ်နိုင်မှသာ မိမိ၏စီးပွားရေးအလားအလာကောင်းမည်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်ဝက်များသည် အစာပိုစားသော်လည်း ကြီးထွားနှုန်းမြန်ပြီး အစာကိုအသားအဖြစ်ပြောင်းလဲလာမှုအချိုး ကောင်းမွန်သည်။ မျိုးညံ့ဝက်များသည် အစားပိုစားသော်လည်း ကြီးထွားနှုန်းနှေးသဖြင့် စီးပွားရေးအတွက် တွက်ခြေမကိုက်ဘဲဖြစ်သည်။ ဝက်မွေးမြူရာ၌ ဝက်ခြံအဆောက်အအုံကို ဆောက်လုပ်ပေးရမည်။ ဝက်ခြံတစ်ခြံ၏ အဓိကလိုအပ်ချက်သည် ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်ပေးရန်ဖြစ်သည်။

နေပူမိုးရွာအပူဒဏ်မှ ကာကွယ်ပေးနိုင်သည့် ဝက်ခြံဆောက်လုပ်ပေးရမည်။ လေဝင်လေထွက်ကောင်းမွန်သောအဆောက်အအုံဖြစ်ရမည်။ ဝက်အစာခွက်နှင့်ရေခွက်များတို့ကို အမြဲသန့်ရှင်းရေးပြုလုပ်ရန်လိုသည်။ ခြံရှိဝက်ကောင်ရေနှင့် အစာခွက်လုံလောက်မှုရှိရမည်။ ဝက်ခြံတစ်ခြံတည်း၌ အရွယ်စုံဝက်များမမွေးရ၊ ဝက်များ၏အသက်အရွယ်အလိုက် လိုအပ်သော ခြံအကျယ်အဝန်းကို သတ်မှတ်စံနှုန်းအတိုင်း ထားပေးရမည်။

ဝက်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီမံခန့်ခွဲမှုကောင်းမွန်ပါက ရောဂါအန္တရာယ်နည်းပါးသည်။ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းလျှင် ဝက်များဒဏ်ရာပြီး ကိုယ်ခံစွမ်းအားကျဆင်းသည့်အတွက် ရောဂါကျရောက်ဖြစ်ပွားရန် အခွင့်အလမ်းပိုများသည်။ ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည့်အတွက် ကာကွယ်ဆေးကို ပုံမှန်ထိုးပေးရမည်။

ဝက်များ၏ကြီးထွားနှုန်းနှင့် သားပေါက်နှုန်းကောင်းမွန်ရန်အတွက် အစာအာဟာရသည် လွန်စွာမှ အရေးပါလှသည်။ ဝက်များကြီးထွားနှုန်းမြန်သည့်အတွက် လုံလောက်သောအစာအာဟာရပါဝင်သည့်အစားအစာလိုအပ်သည်။ အစာအာဟာရ မလုံလောက်ပါက ကြီးထွားနှုန်း၊ သားပေါက်နှုန်း ကျဆင်းလာသည်သာမက ကျန်းမာရေးကိုပါ ထိခိုက်လာသည်။ ရေသည် လွန်စွာမှအရေးပါသော အာဟာရဓာတ်တစ်မျိုးဖြစ်သည့်အတွက် ဝက်များကို သီးသန့်သောက်ရေ အမြဲထားရှိပေးရန်လိုသည်။



ဝက်မွေးမြူရေးကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်ဆောင်ရွက်ရာ၌ အရောင်းအဝယ်လုပ်ငန်းကို အလေးထားရမည်ဖြစ်သည်။ ကျေးရွာများနှင့် ရောင်းဝယ်မှုပြုသည့်အခါ ဝက်အလေးချိန်ချိန်တွယ်သည့် အလေ့အထကို ဆောင်ရွက်သူအလွန်နည်းပါးသည်။ မျက်မှန်းအလေးချိန်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေသည်။ ဤစနစ်ကိုပြုပြင်ရန်လိုနေသည်။ အချို့သောဝက်ပိုင်ရှင်များသည် အရွယ်ရောက်ပြီး ရောင်းချိန်တန်သော်လည်း မရောင်းသေးဘဲ ဈေးပိုရမည်ကို ထပ်မံစောင့်ဆိုင်းလေ့ရှိသည်။ ၎င်းတို့ ဈေးပိုရသည့်ငွေပမာဏနှင့် ကုန်ဆုံးသွားသောအချိန်၊ အစာတန်ဖိုး၊ ဝက်ကြီးပါက အဆီများတက်လာပြီး ဈေးလျှော့ရမည့်အနေအထားစသည့် အကြောင်းအရာသည် စီးပွားရေးအတွက် တွက်ခြေမကိုက်ပါ။ နောက်တစ်သုတ်ထပ်မွေးပါက ပိုမိုအကျိုးရှိနိုင်ကြောင်း စဉ်းစားဆင်ခြင်ရန်လိုသည်။

ဒေသဝက်မွေးမြူသူများအနေဖြင့်လည်း ဒေသဝက်များကို စနစ်တကျမွေးမြူနိုင်အောင် မွေးမြူရေး အခြေခံအချက်(၅)ချက်ကို လိုက်နာဆောင်ရွက်ရမည့် အပြင် ဝက်မွေးမြူနည်းစနစ်အမျိုးမျိုးကိုလည်း သိရှိထားရန်လိုသည်။

**ဝက်မွေးမြူရေးနည်းစနစ်အမျိုးမျိုးအကြောင်း**

ဒေသဝက်ကို စီးပွားဖြစ်စနစ်တကျမွေးမြူလိုသူများနှင့် တစ်ပိုင်တစ်နိုင်မွေးမြူလိုသူများအတွက် မိမိအဆင်ပြေသလို အသုံးပြုမွေးမြူနိုင်မည့် မွေးမြူနည်းစနစ်အမျိုးမျိုးရှိသည်။ ၎င်းတို့မှာ-

(က) လွှတ်ကျောင်းမွေးမြူနည်းစနစ်
(ခ) ခြံလှောင်မွေးမြူနည်းစနစ်
(ဂ) ဖွဲခင်းဖြင့်မွေးမြူသည့်နည်းစနစ်
(ဃ) ခြံခွဲမွေးမြူနည်းစနစ်တို့ရှိကြပါသည်။

**(က) လွှတ်ကျောင်းမွေးမြူနည်းစနစ်**

စားကျက်မြေနှင့် မြေလွတ်မြေရိုင်းများရှိသော ဒေသများတွင် လွှတ်ကျောင်းမွေးမြူနည်းစနစ်ကို ကျင့်သုံးရန်သင့်လျော်သည်။ လွှတ်ကျောင်းမွေးမြူနည်းစနစ်သည် နေ့အချိန်တွင် လွတ်လပ်စွာသွားလာလှုပ်ရှားနိုင်ပြီး သဘာဝအစားအစာများကို ရှာဖွေစားသောက်နိုင်သဖြင့် ဝက်များ၏ ပင်ကိုယ်လေ့နှင့် ညီညွတ်သကဲ့သို့ ကျန်းမာရေးနှင့်လည်း ညီညွတ်သည်။ လွှတ်ကျောင်းခြင်းဖြင့် နေရောင်ခြည်နှင့် လေကောင်းလေသန့်ကိုရရှိစေသည်။ ထို့ပြင် လွှတ်ကျောင်းခြင်းသည် သဘာဝအစားအစာနှင့် ဗီတာမင်ဓာတ်၊ သတ္တုဓာတ်များကို ရှာဖွေစားသောက်နိုင်သည်။ ညဉ့်အချိန်တွင် ဝက်များကို ရာသီဥတုဒဏ်မှ ကာကွယ်ပေးရန်အတွက် ခြံအဆောက်အအုံထဲသို့ ပြန်လည်ထည့်သွင်းပေးရပါမည်။ ယခုအခါ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် အင်္ဂလန်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့တွင်လည်း လွှတ်ကျောင်းမွေးမြူနည်းစနစ်ကို ပြန်လည်ကျင့်သုံးလျက်ရှိသည်။ မျိုးဝက်မကောင်ရေ ၁၀ ကောင်ကို တစ်အုပ်စုဖွဲ့ပြီး တစ်ဧကအကျယ်ရှိမြေကွက်ကို ကာရံထားသော ခြံဝင်းများထဲတွင် လွှတ်ကျောင်းကြခြင်းဖြစ်သည်။ ညဉ့်အခါ အိပ်နားနေနိုင်ရန်အတွက် ရွှေ့ပြောင်းနိုင်သော အိပ်ဆောင်တဲများထားရှိပေးရပါမည်။

**(ခ) ခြံလှောင်မွေးမြူနည်းစနစ်**

ကျေးလက်ဒေသ တစ်နိုင်တစ်ပိုင်မွေးမြူရေးတွင် ဝက်များကို ခြံလှောင်မွေးမြူရန် အထူးသင့်လျော်သည်။ စီးပွားဖြစ်အမြောက်အမြားမွေးမြူသည့်အခါ ဝက်များ၏အသက်အရွယ်အလိုက် မျိုးဝက်၊ အသားတိုးဝက်၊ ဝက်သိုးများတို့ကို သီးခြားအဆောက်အအုံ၌ ခြံလှောင်မွေးမြူနိုင်သည်။ (၆x၈) ပေ အကျယ်အဝန်းရှိခြံထဲတွင် ဝက်မကြီးငါးကောင် သို့မဟုတ် ဝက်လတ် ၁၅ ကောင် သို့မဟုတ် နို့ခွဲဝက်ကောင်ရေ ၂၀ မွေးမြူထားရှိနိုင်သည်။ ခြံအဆောက်အအုံကို သစ်သားများဖြင့် ဆောက်လုပ်ပေးပါက တာရှည်အသုံးပြုနိုင်သည်။ မြေကြီးမှ ၁ ဒသမ ၅ ပေအမြင့်၊ အခင်းကို (၂x၁) ပေ သစ်ဖြင့် တစ်လက်မခြားပေးပြီး ဘေးအကာကို (၃x၁) ပေ သစ်သားတန်းများကို ခြောက်ပေခြားပြီး ၁ ဒသမ ၅ ပေအမြင့် ကာထားပေးရမည်။ အဆောက်အအုံ၏ လက်ခံတိုင်အမြင့်ကို ခြောက်ပေထားပြီး ဓနိမိုးပေးပါက လေဝင်လေထွက်ကောင်းပြီး နေပူဒဏ်မှ ကာကွယ်ထားပေးမည်ဖြစ်သည်။

**(ဂ) ဖွဲခင်းဖြင့်မွေးမြူသည့်နည်းစနစ်**

ဝက်ခြံကို ကုန်ကျစရိတ်သက်သာပြီး အနံ့အသက်ဆိုးများကင်းစေရန် မြေစိုက်တဲများဆောက်လုပ်မွေးမြူနိုင်သည်။ ရေမဝပ်သည့်နေရာ၌ အောက်ခံမြေကို တစ်ပေအနက်တူးပြီး မြေကျစ်အောင်ထုထောင်းပေးပြီးနောက် စပါးခွံ သို့မဟုတ် မြေပဲခွံ သို့မဟုတ် ရိုးပြတ်ကောက်ရိုးစသည်တို့ကို တစ်ပေခွဲမှ နှစ်ပေအထူခင်းပြီး EM ဘိုကာရှီကို ဆွတ်ရှုံဖျန်းပေးထားပြီးပါက ဝက်များကိုထားရှိနိုင်သည်။ ဤကဲ့သို့ခင်းပေးထားသည့်အတွက် ဝက်များမှာ အခင်းကို တူးဆွနိုင်သည်။ ဤမွေးမြူနည်းစနစ်သည် အနံ့အသက်များကင်းပြီး ခြံအတွင်းသန့်ရှင်းမှုရှိသည်။ နှစ်စဉ် အခင်းများကို ပြန်လည်လဲလှယ်ပေးပြီး အခင်းဟောင်းများကို စိုက်ပျိုးရေးအတွက် မြေဩဇာအဖြစ် အသုံးပြုနိုင်သည်။

နှင်းအိ(ရာမည)

စာမျက်နှာ ၁၁ သို့ ➤

# ရန်ကင်းမြို့နယ်ရှိ Sedona Hotel တွင် ကျင်းပသည့် Miss World Myanmar 2025 Final ပြိုင်ပွဲတွင် အလှမယ် ခီဆာခင် Winner ဆုရရှိ



**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီးရန်ကင်းမြို့နယ်ရှိ Sedona Hotel တွင် မတ် ၇ ရက်က ကျင်းပသည့် Miss World Myanmar 2025 Final ပြိုင်ပွဲတွင် အလှမယ် ခီဆာခင် Winner ဆုရရှိခဲ့ကြောင်း အလှမယ် ခီဆာခင်က ပြောပြ၍ သိရသည်။

အဆိုပါ Miss World Myanmar 2025 Final ပြိုင်ပွဲတွင် Miss World Myanmar 2025 Winner ဆုကို အလှမယ် ခီဆာခင်၊ 1st Runner Up ဆုကို အလှမယ် နန်းဟဝ်ဟွမ်၊ 2nd Runner Up ဆုကို အလှမယ် မေနန္ဒ၊ 3rd Runner Up ဆုကို အလှမယ် ဟန်စုခင်ခင်၊ 4th Runner Up ဆုကို အလှမယ် စောမြတ်အိခိုင်နှင့် 5th Runner Up ဆုကို အလှမယ် ဂျူးဂျူးနိုဇန်ထွန်းတို့က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

"ခီဆာ Miss World Myanmar 2025 အနေနဲ့ ရွေးချယ်ခံရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်ရှင်။ ဒီအောင်မြင်မှုက ခီဆာ့တစ်ဦးတည်းရဲ့ ကြိုးစားမှုကြောင့်မဟုတ်ဘဲ ခီဆာ့ကို အဘက်ဘက်က အစဉ်အားပေးမှု၊ ပံ့ပိုးမှုတွေပြုလုပ်ပေးခဲ့တဲ့ ကျေးဇူးရှင်သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအားလုံးနဲ့ ခင်မင်ပေးခဲ့ကြတဲ့ ချစ်သောသူတွေအားလုံးကြောင့်သာ ဒီဆုကိုရတာပါ"ဟု အလှမယ် ခီဆာခင်က ပြောပြသည်။

Miss World Myanmar 2025 အလှမယ်ဖြစ်သည့် အလှမယ် ခီဆာခင်သည် ၂၀၂၃ ခုနှစ်က မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် Miss Tourism International ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်ပြီး Miss Earth Myanmar 2023 ပြိုင်ပွဲတွင်လည်း Miss Earth Land Myanmar 2023 Winner နှင့် The Best of Speak out Award ဆုများကို ရရှိထားကြောင်း သိရသည်။

ASH

# Ready or Not နောက်ဆက်တွဲဇာတ်ကား၌ မင်းသမီး ကတ်သရင်းနယ့်ယူတန် ပါဝင်မည်

**နယူးယောက် မတ် ၈**

Radio Silence ရုပ်ရှင်ထုတ်လုပ်ရေး၏ Ready or Not နောက်ဆက်တွဲဇာတ်ကားသစ်တွင် မင်းသမီး ကတ်သရင်းနယ့်ယူတန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၇ ရက် သတင်းများအရ သိရသည်။

Ready or Not နောက်ဆက်တွဲဇာတ်ကားသစ်တွင် ကတ်သရင်းနယ့်ယူတန်သည် မင်းသမီး ဆာမာရာဝေးဗင်းနှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

မင်းသမီး ကတ်သရင်းနယ့်ယူတန်သည် ယခင်က Radio Silence ကုမ္ပဏီ၏ Abigail ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

Ready or Not နောက်ဆက်တွဲဇာတ်ကားသစ်ကို ဒါရိုက်တာ ဘက်တီနယ်လီ-အော်ပင်နှင့် တေလာဂျီးလက်တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မူလ Ready or Not(2019) ဇာတ်ကားသည် ခင်ပွန်းသည်၏ မိသားစုဝင်များရှိရာ နေအိမ်သို့ လိုက်ခဲ့ရသော သတို့သမီးတစ်ဦး ရင်ဆိုင်ခဲ့ရသည့် ဖြစ်စဉ်များကို ရိုက်ကူးခဲ့ရသည့် ထိတ်လန့်သည်းဖိုဟာသ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Ready or Not နောက်ဆက်တွဲ ဇာတ်ကားသစ်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ဒဂုံမြို့နယ် Governor's Residence ၌ လူငယ်ပန်းချီဆရာသုံးဦး၏ Group Art Exhibition ပန်းချီပြပွဲပြုလုပ်မည်

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Governo's Residence တွင် လူငယ်ပန်းချီဆရာသုံးဦး၏ J'ai Vu Le Soleil Dans L'ombre (I saw the sun in the shadows) အမည်ရှိ Group Art Exhibition ပန်းချီပြပွဲပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့်လူငယ်ပန်းချီဆရာ ပန်းချီ စိုင်းသီဟစိုးက ပြောပြ၍ သိရသည်။

အဆိုပါလူငယ်ပန်းချီဆရာသုံးဦး၏ Group Art Exhibition ပန်းချီပြပွဲကို မတ် ၁၄ ရက်နှင့် ၁၅ ရက်တွင် Governo's Residence ၌ ပြုလုပ်သွားမည်ဖြစ်ပြီး ပန်းချီ မေမိုး၊ စိုင်းသီဟစိုးနှင့် Artist Hanreality တို့၏ ပန်းချီလက်ရာများကို နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

J'ai Vu Le Soleil Dans L'ombre (I saw the sun in the shadows) လို့အမည်ရတဲ့ လူငယ်ပန်းချီဆရာသုံးယောက်ရဲ့ ပန်းချီပြပွဲကို European Union in Myanmar (မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံး)နဲ့ The Royal Gallery တို့က ပူးပေါင်းပြီး Governo's Residence Hotel မှာ မတ် ၁၄ ရက်နဲ့ ၁၅ ရက်မှာ ပြသသွားမှာဖြစ်လို့ အနုပညာချစ်မြတ်နိုးသူတွေ လာရောက်ကြည့်ရှုခံစားနိုင်ဖို့ ဖိတ်ခေါ်လိုက်ရပါတယ်"ဟု ပန်းချီ စိုင်းသီဟစိုးက ပြောပြသည်။




အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆ x၂၄) လက်မ၊ (၂၄ x၂၄)လက်မ၊ (၁၈x၂၄)လက်မ၊ (၁၈x၁၈)လက်မ စသည်ဖြင့်အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# Paramount ၏ Scream 7ဇာတ်ကား၌ မင်းသား ဒေးဗစ်အာကွဲတီ ပြန်လည်ပါဝင်လာ

**နယူးယောက် မတ် ၈**

Paramount ရုပ်ရှင်၏ Scream 7 ဇာတ်ကားတွင် မင်းသား ဒေးဗစ်အာကွဲတီ ပြန်လည်ပါဝင်လာကြောင်း မတ် ၇ ရက် သတင်းများအရ သိရသည်။

မင်းသား ဒေးဗစ်အာကွဲတီသည် ယခင် ရိုက်ကူးထုတ်လုပ်ခဲ့သည့် Scream 7 ဇာတ်ကားများတွင် ဒီဗီရီလေး ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် မင်းသား ဒေးဗစ်အာကွဲတီအနေဖြင့် Scream 7 ဇာတ်ကား၌မည်သည့်ဇာတ်ကောင်ပုံစံမျိုးဖြင့် ပြန်လည်ပါဝင်လာမည်ကို မသိရသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဒေးဗစ်အာကွဲတီသည် ယခင် Scream 7ဇာတ်ကားများမှ မူလသရုပ်ဆောင်တချို့အပြင် မင်းသမီး အစ္စဘဲမေ၊ စီလက်စတီအိုကွန်နာ၊ မက္ကင်နာဂရေ့တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Scream 7 ဇာတ်ကားကို ဒါရိုက်တာ ကီဗင်ဝီလျံဆင်က တာဝန်ယူရိုက်ကူးနေပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂိုင်းဘူးဆတ်က ရေးသားပေးထားပြီး အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



➤ စာမျက်နှာ ၁၀ မှအဆက်

**ခြံခွဲမွေးမြူနည်းစနစ်**

ရှေးယခင်က ဝက်အရွယ်အစားမျိုးစုံတို့ကို တစ်နေရာတည်း၌သာ မွေးမြူထားကြပြီး ယခုအခါ အသက်အရွယ်ကိုလိုက်၍ အခန်းကန့်ပြီး မွေးမြူလျက်ရှိကြသည်။ အချို့ဝက်မွေးမြူသူများသည် မျိုးဝက်များကို မွေးမြူထားရှိပြီး သားပေါက်ဝက်ကလေးများ အသက်နှစ်လပြည့်သည့်အခါ အသားတိုးမွေးမြူသူများထံသို့ရောင်းချသည့်စနစ်ကို ကျင့်သုံးကြသည်။ ဝက်များကို အသက်အရွယ်ခွဲခြားပြီး သီးခြားမွေးမြူထားခြင်းအားဖြင့် ဝက်များ၏ကြီးထွားနှုန်းပိုမိုကောင်းမွန်လာခြင်း၊ အစာကို အသားအဖြစ်ပြောင်းလဲမှု တိုးတက်ကောင်းမွန်ခြင်းနှင့် ဝက်များတွင်ဖြစ်ပွားလေ့ရှိသော အသက်ရှူလမ်းကြောင်းရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာကျဆင်းသွားကြောင်းလေ့လာတွေ့ရှိရသည်။ ဤမွေးမြူနည်းစနစ်၌ ဝက်များကို တစ်ပြိုင်နက်သားတင်ပေးပြီး အသုတ်လိုက်ပြိုင်တူမွေးဖွားပေးခြင်းဖြင့် သားခွဲချိန်ရောက်သည့်အခါ သက်တူရွယ်တူဝက်ကလေးများကို သီးသန့်ခြံထဲသို့ ရွှေ့ပြောင်းမွေးမြူကြသည်။ ခြံတစ်ခြံချင်းအလိုက် ဝက်များကိုတစ်ပြိုင်နက်သွင်းပြီး တစ်ပြိုင်နက်ထုတ်နည်းစနစ်ကို ကျင့်သုံးကြသည်။ ဒေသဝက်မွေးမြူရေးလုပ်ကိုင်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိနေပြီး ဝက်များထံမှ စွန့်ပစ်ပစ္စည်းများဖြစ်သည့်ဝက်ချေးများကို မြေဩဇာအဖြစ်အသုံးပြုကာ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်ပင်များမှလည်း ဖြစ်ထွန်းကာ မိသားစုဝင်ငွေရရှိနေကြသည်။

အချုပ်အားဖြင့်ဆိုရသော် ဒေသဝက်မွေးမြူရေးလုပ်ငန်းသည် အချိန်တိုကာလအတွင်း စီးပွားရေးအကျိုးအမြတ်ကို ဖော်ဆောင်ပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး ဒေသဝက်မွေးမြူရေးလုပ်ငန်းကို နည်းစနစ်မှန်ကန်စွာစုပေါင်းဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမြင့်မားသောထုတ်ကုန်များကို တိုးတက်ထုတ်လုပ်၍ ပြည်သူများ၊ ကျေးလက်နေတောင်သူလယ်သမားများ၏ လူမှုရေး၊ စီးပွားရေးအဆင့်အတန်းတိုးတက်လာပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- (၁၈.၁.၂၀၂၅)ထုတ် မြန်မာ့အလင်းသတင်းစာ၊
- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ဝေသော စာစောင်များ။

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing leaves Belarus, visits State Space Corporation "Roscomos" in Samara, Russia



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing is greeted by local damsels at Kurumoch International Airport in Samara, Russia.

**Nay Pyi Taw March 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who was on an official state visit to Minsk, Belarus at the invitation of President Aleksandr Lukashenko of the country, left Minsk International Airport and was seen off by Minister of Foreign Affairs of Belarus H. E. Mr. Maxim Ryzhenkov, Myanmar Consul General U Moe Kyaw Thu and officials at the airport this morning at local time.

Before leaving the country, the Senior General took the salute of the Guard of Honour at the airport.

The Myanmar goodwill delegation led by the Senior General arrived at Kurumoch International Airport in Samara, Russia, and was welcomed by Head of Samara government Mr. A.V Fedorishchev, the Russian Federation Ambassador to Myanmar Federation and officials.

The Senior General and delegation arrived at JSC Progress factory of State Space Corporation "Roscosmos" and were welcomed by Director General of the corporation Mr. Dmitry Bakanov and officials.

At the meeting hall, the Senior General and the Roscosmos director general cordially exchanged views on the peaceful use of space technology by the two countries, launching of satellites by Myanmar in the interest of the nation and people, sending more Myanmar scholars to space technology studies, cementing of cooperation and friendship between Myanmar and Samara city and other areas of cooperation.

The director general and officials reported on use of satellites for natural disaster monitoring, conducting research on agriculture development, protecting and conserving natural environment, satellite imagery and communication satellites, satellite launching, assembling of rockets and space station erection, and Russian assistance in upgrading and opening of a space museum in Myanmar.

Subsequently, the Senior General, and members of the delegation toured the satellite assembly and rocket production facilities within the JSC Progress factory of the Roscosmos State Corporation. They listened to presentations by responsible officials and engaged in additional discussions on matters of interest.

Following this, the Senior General, and members of the delegation were hosted to a luncheon by the Director-General of the State Space Corporation "Roscosmos" of the Russian Federation.

After the luncheon, the Senior General exchanged commemorative gifts with the Director-General of the State Space Corporation "Roscosmos" of the Russian Federation.

Similarly, the team, led by the Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, who accompanied the Chairman of the State Administration Council Prime Minister as members of the goodwill delegation, held separate meetings with the Deputy Head of the Samara Region Government, the Regional Minister of Education, chairpersons of industrial and economic zones, and officials from the Progress Space Rocket Center. They discussed matters related to cooperation in the industrial sector, fertilizer production, energy sector, pharmaceutical production, education sector, and mutual beneficial cooperation between Myanmar and Russia, particularly between the Samara and Tolyatti regions.

After the discussions, the head for the State Administration Council's information team, Maj-Gen Zaw Min Tun, responded to questions from the media in Samara regarding the goodwill visit.

Later, the goodwill delegation, led by the Chairman of the State Administration Council Prime Minister, departed from Kurumoch International Airport in Samara and arrived at Tolmachevo Airport in Novosibirsk in the evening local time. They were welcomed at the airport with the Guard Honour and by the Head of the Novosibirsk Regional Government, the Consul General of Myanmar, and other officials.

100



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing exchanges commemorative gifts with the director-general of the State Space Corporation "Roscosmos" of the Russian Federation.

# Hamas says positive signs emerge in negotiations for Gaza ceasefire's 2nd phase

**Gaza March 8**

Hamas said on Saturday that there were positive signs regarding negotiations for the second phase of the ceasefire agreement in Gaza.

Hamas spokesman Abdul Latif Al-Qanou said in a press statement that "the efforts of Egyptian and Qatari mediators are ongoing to finalize the implementation of the ceasefire agreement and initiate negotiations for its second phase, with positive indicators in that direction."

He emphasized Hamas's readiness to engage in these negotiations in a manner that meets the demands of the Palestinian people.

The spokesman also called for intensified efforts to provide humanitarian relief to the Gaza Strip and lift the Israeli blockade.

Meanwhile, Taher al-Nunu, an advisor to Hamas's political bureau chief, announced that a Hamas delegation, led by Mohammad Darwish, head of the movement's leadership council, had arrived in Cairo.

Xinhua

## Corrigendum

Please read "If sanctions are imposed, it is important to be aware that the sanctioned groups and their opposing groups may have more united, leading to increased strength and intensified competition" instead of "By imposing a sanction, if there is such a group, the opposing groups that are called sanctions will face attacks from software that increases the strength of the majority, which will lead to more intense competition" in the reciprocal joint declaration between the Belarusian President and the Senior General in meeting with media in the last paragraph of the fifth column on page 14 of the Yadanabon Daily issued on 8-3-2025. Error is regretted.

**Ed**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing honours Myanmar women delegates on goodwill visit, participant women in Samara discussions to mark international women's day



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivers an honorary address to female staff of the JSC Progress Factory of Roscosmos Space Corporation in Samara to mark International Women's Day

**Nay Pyi Taw March 8**

Chairman of the State Administration Council Prime Minister, who is on an official state visit to Belarus left Minsk International Airport for Samara in the Russian Federation by special flight this morning local time.

During the flight, the Senior General delivered an honorary address to women delegates on the goodwill visit to mark International Women's Day.

Similarly, the Senior General delivered an honorary address to women from the JSC Progress during the visit to the JSC Progress factory of Roscosmos Space Corporation in Samara to mark International Women's Day.

Moreover, women delegates who accompanied the Senior General on the goodwill visit were presented with honorary bouquets by authorities in Samara to mark International Women's Day. 100



Women delegates on the goodwill visit of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing are presented with bouquets by authorities of Samara on the occasion of International Women's Day

*From Page 14*

## Congratulatory Message

**8 March 2025**

State Administration Council Chairman Prime Minister of the Republic of the Union of Myanmar Senior General Min Aung Hlaing-led high-level delegation firmly discussed the bilateral relationship and cooperation sector-wise during the Official State Visits to the Russian Federation and the Republic of Belarus at the invitations of Russian Federation President Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko.

The Myanmar Press Council warmly congratulates the historic achievements through the meetings of leaders during the visits and extends wishes to carry out duties for the State development and promotion of the socio-economic status of people.

**Chairman**
**Central Executive Committee and members**
**Myanmar Press Council (MPC)**

## Congratulatory Note

**8 March 2025**

We sincerely express our joy and pride as our State Administration Council Chairman and Prime MinisterSenior General Min Aung Hlaing-led a high-level delegation on a goodwill visit at the invitation of Russian President Mr. Vladimir Vladimirovich Putin and Belarusian President Mr. Alexander Gregoryevich Lukashenko. During this visit, Myanmar and Russia successfully discussed and signed agreements on promoting investment and defence cooperation. We warmly congratulate this achievement and proudly issue this statement.

**Myanmar Artists Association (Central)**

## MMPO's Congratulatory Note

**8 March 2025**

We hereby express with great joy and pride that Prime Minister Senior General Min Aung Hlaing and the high-level delegation completed a friendship visit to the Russian Federation and the Republic of Belarus.

The Myanmar Motion Pictures Organization sincerely wishes for continued success in making efforts for the peace and economic development of Myanmar and expresses deep appreciation and joy for the achievements made.

**Chairman and CEC members**
**Myanmar Motion Pictures Organization**

## Statement of Appreciation

**8 March 2025**

At the invitation of President Mr. Vladimir Vladimirovich Putin of the Russian Federation and President Mr. Alexander Gregoryevich Lukashenko of the Republic of Belarus, the high-level delegation led by State Administration Council Chairman and Prime Minister Senior General Min Aung Hlaing successfully undertook goodwill visits at the state level.

During these visits, significant agreements were reached across various sectors, further strengthening bilateral friendship and cooperation. The historic achievements resulting from discussions between the leaders of both nations are commendable.

The Myanmar Music Association (Central) proudly acknowledges these accomplishments and extends its best wishes for the continued development of the nation and the socioeconomic progress of the people.

**Myanmar Music Association (Central)**

# Organizations issue statements praising SAC Chairman Prime Minister Senior General Min Aung Hlaing for his efforts in contributing to State sector-wise development

NAY PYI TAW March 8

A high-level goodwill delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing paid official State visits to the Russian Federation at the invitation of President of the Russian Federation Vladimir Vladimirovich Putin and to the Republic of Belarus at the invitation of President of the Republic of Belarus H.E.Mr. Aleksandr Lukashenko on 3 March 2025 and could hold meetings to achieve positive results for Myanmar.

Young Men's Buddhist Association (Central), Myanmar Interfaith Dialogue Group (Central), Myanmar Evangelical Christian Alliance, All Myanmar Tamil Hindu Foundation (HQ), Thananta Dhamma Palaka (Hindu), Islamic Religious Affairs Council Myanmar, Myanmar War Veterans Organization, Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), Myanmar Press Council, Myanmar Artists Association (Central), Myanmar Motion Pictures Organization, and Myanmar Music Association (Central) issued statements praising Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, for his efforts in contributing to the development and progress of various sectors in Myanmar.

100

## Statement of Young Men's Buddhist Association-YMBA(Central)

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of Republic of Belarus Mr. Alexander Gregoryevich Lukashenko.

YMBA (Central) has announced that it is so delighted and honored to have achieved significant benefits and positive outcomes for Myanmar and its people during the visits.

**Young Men's Buddhist Association (Central)**

## Statement of Myanmar Interfaith Dialogue Group

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko. The Senior General signed MoUs on bilateral cooperation during the visits, and it is hoped that the bilateral trade will develop than before and the country will achieve stability and prosperity. The Myanmar Interfaith Dialogue Group has issued this statement to show honour for such achievements.

**Executive Committee**

**Myanmar Interfaith Dialogue Group (Central)**

## Statement of Myanmar Evangelical Christian Alliance

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing-led high-level delegation made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko and received historic achievements for the country and people. The Myanmar Evangelical Christian Alliance proudly issued this statement and extended its wish to further serve the State's duties.

**Myanmar Evangelical Christian Alliance**

## Statement of All Myanmar Tamil Hindu Foundation (HQ)

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing-led high-level delegation made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko and received historic achievements for the country and people.The All-Myanmar Tamil Hindu Foundation (HQ) proudly issues this statement for such significant achievements.

**All Myanmar Tamil Hindu Foundation (HQ)**

## Statement of Thananta Dhamma Palaka (Hindu) Association

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing-led high-level delegation made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko, and received significant achievements for the country and people.The Thananta Dhamma Palaka (Hindu) Association proudly issues this statement for such significant achievements.

**Thananta Dhamma Palaka (Hindu) Association**

## Congratulatory Note

**8 March 2025**

The high-level delegation led by State Administration Council Chairman and Prime Minister Senior General Min Aung Hlaing undertook a goodwill visit at the invitation of senior leaders from the Russian Federation and the Republic of Belarus. During this state-level visit, significant and historic achievements were made for the socioeconomic progress of the nation and its people. We embrace immense pride in these accomplishments.

The All-Myanmar Islamic Religious Organization also extends its best wishes and prayers for continued success in serving the interests of the country and its people.

**All Myanmar Islamic Religious Organization**

## Congratulations

**8 March 2025**

We are deeply pleased and honoured because Senior General Min Aung Hlaing, State Administration Council and Prime Minister, visited Russia and Belarus at the invitation of Russian President Mr. Vladimir Vladimirovich Putin and Belarusian President Mr. Alexander Gregoryevich Lukashenko. During these visits, Myanmar successfully exchanged memoranda of understanding with the governments of Russia and Belarus in areas such as sports, tourism, legal cooperation, agriculture, and food security. We are extremely satisfied with the outcome of these exchanges and proudly express our gratitude.

**Myanmar War Veterans Organization**

## Congratulations

**8 March 2025**

We heartily congratulate the Myanmar high-level delegation, led by State Administration Council Chairman Prime Minister Senior General Min Aung Hlaing, on its historic successes during its goodwill visit to the Russian Federation at the invitation of President Vladimir Vladimirovich Putin and to the Republic of Belarus at the invitation of President Aleksandr Gregoryevich Lukashenko.

We sincerely wish for their continued dedication and efforts for the benefit of the nation and its citizens.

**Patron, President and CEC**

**Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI**

*See Page 13*

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က ဟိုက်ပါဆောနစ်ယာဉ်များတွင် အပူချိန်မြင့်မားမှုဒဏ်ခံနိုင်မည့် အနက်ရောင်ကြွေထည်ပစ္စည်းများ ထည့်သုံးနိုင်တော့မည်




အမေရိကန်သည်အသံထက်မြန်သည့် ဟိုက်ပါဆောနစ် ယာဉ်များဖြစ်သော ဒုံးကျည်များနှင့်လေယာဉ်များတွင် ပြင်းထန်သော အပူချိန်မြင့်မားမှုဒဏ်ခံနိုင်မည့် 3D Printer နည်းပညာသုံး အနက်ရောင်ကြွေထည်ပစ္စည်းများ မကြာမီထည့်သွင်း အသုံးပြုနိုင်တော့မည်ဖြစ်သည်ဟု The Defense Post သတင်းဌာနက မတ် ၅ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

Purdue Applied Research Institute (PARI) မှ သုတေသီများသည် တာရှည်ခံမှုနှင့် ပျက်စီးယိုယွင်းမှုဒဏ်ခံနိုင်ရည်ရှိ အနက်ရောင်ကြွေထည်ပစ္စည်းများ ဖန်တီးပေါင်းစပ်ထုတ်လုပ်၍ အသံထက်မြန်သော ဟိုက်ပါဆောနစ်ယာဉ်များအတွက် အသုံးပြုနိုင်ရန် နည်းလမ်းများရှာဖွေလျက်ရှိကြသည်။

ထိုသို့ ကြိုးပမ်းလုပ်ဆောင်မှုတွင် Digital Light Processing (DLP) 3D Printer များအသုံးပြု၍ အနက်ရောင်ကြွေထည်ပစ္စည်းများကို ကြည်လင်ပြတ်သားသော မျက်နှာပြင်များဖြင့် အရွယ်အစားပုံစံ အတိအကျထုတ်လုပ်နိုင်သည်ဟု သိရသည်။

"3D Printer တွေဟာ အလွန်ချောမွေ့တဲ့ မျက်နှာပြင်တွေနဲ့ မိုက်ခရိုအဆင့်ထိ တိကျမှုရှိအောင် ထုတ်လုပ်နိုင်စေမှာဖြစ်ပါတယ်။ ရှုပ်ထွေးနက်နဲတဲ့ဒီဇိုင်းတွေနဲ့ ဂျီဩမေတြီပုံစံတွေကိုပါ ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်" ဟု PARI အင်စတီကျူမှ ပရောဂျက် ခေါင်းဆောင် Rodney Trice က ပြောကြားခဲ့သည်။

ဤလုပ်ငန်းစဉ်မှတစ်ဆင့် ကျွန်ုပ်တို့သည် အသံထက်မြန်သော ဟိုက်ပါဆောနစ်ယာဉ်ကို တည်ဆောက်ရာတွင် အသုံးပြုနေသည့် ကန်တော့ချွန်နှင့် စက်ဝိုင်းခြမ်းကဲ့သို့သော ပုံသဏ္ဌာန်အမျိုးမျိုးကို ပုံနှိပ်ထုတ်လုပ်ခြင်းတွင် အောင်မြင်ခဲ့သည်ဟု ၎င်းကထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

ဤသည်မှာ အမေရိကန်နိုင်ငံအတွက် အသံထက်မြန်သော ဟိုက်ပါဆောနစ်နည်းပညာတွင် 3D Printer နည်းပညာသုံး ပေါင်းစည်းထုတ်လုပ်ခြင်းလုပ်ငန်းကို အသုံးပြုရန် စူးစမ်းရှာဖွေ၊ကြိုးပမ်းနေသည်မှာ ပထမဆုံးအကြိမ်တော့ မဟုတ်ပေ။ ၂၀၂၄ ခုနှစ် မေလတွင် ပင်တဂွန်စစ်ဌာနချုပ်သည် သုံးဖက်မြင်ပုံနှိပ်နည်းပညာသုံး ဟိုက်ပါဆောနစ်အင်ဂျင်ရှေ့ပြေးပုံစံကို တီထွင်ရန်အတွက် Aerojet Rocketdyne ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ဖူးသည်။

အနက်ရောင် ကြွေထည်များသည် အလွန်ပြင်းထန်သော အပူချိန်မြင့်မားသည့် အခြေအနေများကို ခံနိုင်ရည်နှုန်းမြင့်မားသောကြောင့် အသံထက်မြန်သော ဟိုက်ပါဆောနစ် လက်နက်စနစ်များအတွက် စံပြဖြစ်နေသော်လည်း၊ ၎င်းတို့၏ အရောင်သည် Digital Light Processing (DLP) 3D Print ထုတ်ခြင်းအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အနက်ရောင်ဆိုးဆေးများသည် ကြွေထည်ပစ္စည်းကို ပုံသွင်းရန်၊ အခြောက်ခံရန်အတွက် လိုအပ်သော ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူနိုင်သည်။ ထို့ကြောင့် အလင်းသည် ထုတ်လုပ်ရေးလုပ်ငန်းစဉ်ကို နှောင့်နှေးစေနိုင်ပြီး ထုတ်လုပ်မှုအချိန်ကို လိုသည်ထက် ပိုမိုကြာမြင့်စေနိုင်ကြောင်း သိရသည်။ အနက်ရောင် အမှုန့်များသည် ခရမ်းလွန်ရောင်ခြည်ကိုစုပ်ယူသောကြောင့် ကြွေထည်အလွှာကို လိုအပ်သည့်အထူရရှိအောင် ပြုလုပ်ရန် အခက်အခဲရှိသည်။ ပါးလွှာလွန်းသည့်ပြဿနာကို ဖြေရှင်းရခြင်းဖြင့် ပစ္စည်းအစိတ်အပိုင်း တစ်ခုစီအတွက် ထုတ်လုပ်ရန်အချိန်ကို လိုသည်ထက် ပိုမိုကြာမြင့်စေနိုင်ခြင်းဖြစ် ကြောင်း Trice က မှတ်ချက်ပြုခဲ့သည်။

ဤစိန်ခေါ်မှုကိုကျော်လွှားရန်အတွက် သုတေသီအဖွဲ့သည် ပိုစေးပျစ်သော ကာလအမှုန့်များရှာဖွေခြင်း၊ အစိတ်အပိုင်းမျက်နှာပြင်ပိုင်းဆိုင်ရာ ပြုပြင်မှုများနှင့် အခြားဆန်းသစ်သော နည်းလမ်းများကို ပေါင်းစပ်အသုံးပြုနိုင်ရန်အတွက် ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားသည်။ ဤဖြေရှင်းနည်းများသည် သုတေသီများကို ပရောဂျက်၏ လုပ်ဆောင်ပြီးသည့်အဆင့်တိုင်းတွင် ကြုံတွေ့ရမည့် ပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**US Exploring 3D-Printed Dark Ceramics for Hypersonic Missiles, Aircraft ကို ဘာသာပြန် ဆိုထားပါသည်။**

## လတ်ဗီးယားက တန်ပြန်မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်များ ဒီဇိုင်းရေးဆွဲရန်နှင့်ထုတ်လုပ်ရန် ပြည်တွင်းကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို



လတ်ဗီးယားနိုင်ငံသည် နိုင်ငံ့တပ်မတော်အတွက် တန်ပြန်မောင်းသူမဲ့ လေယာဉ်တိုက်ဖျက်ရေးစနစ်များ ဒီဇိုင်းရေးဆွဲရန်နှင့် ထုတ်လုပ်ရန်အတွက် ပြည်တွင်းကုမ္ပဏီများနှင့် သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၆ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

လက်ရှိနှင့်အနာဂတ်တွင် ကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်ရာတွင် တပ်မတော်၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များ အဆင့်မြှင့်တင်သွားနိုင်ရေးအတွက် ခေတ်နှင့်အညီ ထွက်ပေါ်လျက်ရှိသော နည်းပညာများကို အသုံးပြုသွားနိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း လတ်ဗီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Andris Sprūds က ပြောကြားခဲ့သည်။

သဘောတူစာချုပ်ပါ ဆက်စပ်လုပ်ငန်းများကို နိုင်ငံတော်နှင့် ဥရောပသမဂ္ဂ တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ် ကမ်းလှမ်းချက်များဖြစ်သော နိုင်ငံတကာတန်းဝင်ယှဉ်ပြိုင်နိုင်စေရန်နှင့် တတိယနိုင်ငံ(ကြားနိုင်ငံ)မှ ဆက်စပ်ပစ္စည်းအများစုကို ဝယ်ယူဖြည့်တင်းရန် မလိုဘဲ အမှီအခိုကင်းစေရန်ဟူသော အစိုးရ၏ ကျယ်ပြန့်သော ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပဏာမရွေးချယ်ထားသော ကန်ထရိုက်တာကုမ္ပဏီများတွင် Origin Robotics၊ SAF Tehnika နှင့် Frankenburg Technologies ကုမ္ပဏီတို့ ပါဝင်နေသည်။

လတ်ဗီးယားနိုင်ငံ၏ ပရောဂျက် ပထမအဆင့်တွင် အလိုအလျောက် တိုက်ခိုက်နိုင်သော ကြားဖြတ်တိုက်ခိုက်ရေးလက်နက်၊ အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များနှင့် ပွဲထိန်းဒုံးကျည်များ သုတေသနနှင့် တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်နိုင်ရေးတို့အပေါ် အာရုံစိုက်သွားမည်ဖြစ်သည်။ ထို့နောက်တွင် ရွေးချယ်စာချုပ်ချုပ်ဆိုထားသော ကုမ္ပဏီအုပ်စုသည် လတ်ဗီးယား အင်ဂျင်နီယာကုမ္ပဏီ WeMPS နှင့် ဆက်လက်ပူးပေါင်း၍ လက်ရှိလက်နက်စနစ်များကို အလိုအလျောက် တန်ပြန်လုပ်ဆောင်နိုင်သည့် စနစ်များအဖြစ်သို့ ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်ရန် ဒုတိယအဆင့်အနေဖြင့် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ဖြစ်ပွားနေဆဲ ရုရှား-ယူကရိန်း ပဋိပက္ခတွင် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး နည်းစနစ်များအပေါ် စောင့်ကြည့်လေ့လာ၊ သင်ခန်းစာဖော်ထုတ် နည်းနာယူ၍ လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထင်ဟပ်စေလျက်ရှိသည်။

ဤအကျိုးတူ ပူးပေါင်းလုပ်ဆောင်မှုတွင် လတ်ဗီးယားနိုင်ငံအနေဖြင့် ပရောဂျက်ကို ပူးတွဲတီထွင်ထုတ်လုပ်ရန် သို့မဟုတ် ပူးပေါင်းရန်ပုံငွေပံ့ပိုးရန် စိတ်ဝင်စားသော ပြည်တွင်းအခြေစိုက် စက်မှုလုပ်ငန်းကုမ္ပဏီများနှင့် အင်စတီကျူ အဖွဲ့အစည်းများအပြင် NATO နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအပါအဝင် သက်ဆိုင်ရာ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှု ကမ်းလှမ်းချက်များကိုလည်း ကြိုဆိုလျက်ရှိကြောင်း သိရသည်။ ယေဘုယျအားဖြင့် ယခု တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ တီထွင်ထုတ်လုပ်ရေး ပရောဂျက်အတွက် ယူရို ၁၀ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှုများပေါ်မူတည်၍ ဘတ်ဂျက်အသုံးပြုမှုကို ဆက်လက် တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**Latvia, Local Firms to Develop New Anti-Drone Systems for Militar ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင့်စ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ် မင့်စ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာစဉ် ဘယ်လာရုစ်နိုင်ငံဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့်မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ဆာမားရားမြို့ ဒေသအစိုးရအဖွဲ့ အကြီးအကဲ Mr. A. V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။


ထို့နောက် ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံသို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos"ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ယင်းနောက် အစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား အာကာသနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့် ပြည်သူအတွက်အကျိုးရှိမည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အာကာသနည်းပညာသင်တန်းများတက်ရောက်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဆာမားရားမြို့တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်အောင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် အခြားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ငင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက State Space Corporation မှ ဂြိုဟ်တုများကိုအသုံးပြု၍ သဘာဝဘေးအန္တရာယ်များစောင့်ကြည့်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး သုတေသနပြုဆောင်ရွက်နိုင်မှုအခြေအနေများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မှုအခြေအနေများ၊ ဂြိုဟ်တုဓာတ်ပုံရိုက်ကူးရေးနှင့် ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုလွှတ်တင်မှုဆိုင်ရာကိစ္စရပ်များ၊ ဒုံးပျံတပ်ဆင်ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များ၊ အာကာသစခန်းတည်ဆောက်မှုဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် အာကာသပြတိုက်အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရေးအတွက် ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း တပ်ဆင်ထုတ်လုပ်သည့် ဂြိုဟ်တုများနှင့် ဒုံးပျံများကို တွေ့ရစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း ဂြိုဟ်တုများ တပ်ဆင်ထုတ်လုပ်မှုနှင့် ဒုံးပျံထုတ်လုပ်မှုများကို လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos” ညွှန်ကြားရေးမှူးချုပ်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။


အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားသည့် ဒုတိယ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ဆာမားရားမြို့ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိဗာစီဗစ်မြို့ သာမာရဲဗာလေဆိပ်သို့ရောက်ရှိရာ နိဗာစီဗစ်ဒေသ အစိုးရအဖွဲ့အကြီးအကဲက ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာစဉ်။

ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့်အဖွဲ့ဝင်များသည် ဆာမားရားဒေသဆိုင်ရာ အစိုးရဒုတိယအကြီးအကဲ၊ ဒေသဆိုင်ရာပညာရေးဝန်ကြီး၊ စက်မှုစီးပွားရေးဖုန်များမှဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ Space Rocket ဆိုင်ရာ Progress မှ တာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ဆာမားရားဒေသနှင့် တာလီကာတီဒေသတို့အကြား စက်မှုကဏ္ဍ၊ ခတ်မြေသြဇာထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဆာမားရားမြို့မှ မီဒီယာများက ချစ်ကြည်ရေးခရီးစဉ်နှင့် ပတ်သက်၍ မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် ညပိုင်းတွင် နိဗာစီဗစ်မြို့ သာမာရဲဗာလေဆိပ်သို့ ရောက်ရှိကြရာ နိဗာစီဗစ်ဒေသ အစိုးရအဖွဲ့အကြီးအကဲ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ)

☆ **ကျောဖုံးမှအဆက်**

အမျိုးသမီး ကိုယ်စားလှယ်အဖွဲ့ဝင်များကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အထူးလေယာဉ်ပေါ်၌ ဂုဏ်ပြုစကားပြောကြားခဲ့သည်။

အလားတူ ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံသို့ သွားရောက်လေ့လာစဉ်၌လည်း JSC Progress စက်ရုံမှ အမျိုးသမီးများအား အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်း အမှတ်အဖြစ် ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များကို ဆာမားရားမြို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များကို ဆာမားရားမြို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများ ပေးအပ်စဉ်။

# ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများကဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများက မန္တလေးတိုင်းဒေသကြီး အတွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် မတ် ၆ ရက် မွန်းလွဲပိုင်းက ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်မှ မန္တလေးသို့ အမှတ်(၂၇) အဆန်လေအိတ်ရထားဖြင့် ထွက်ခွာ၍ ရထားလမ်းပိုင်းကြံ့ခိုင်မှုကိုစစ်ဆေးပြီး ပိုမိုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မတ် ၇ ရက် နံနက်ပိုင်းတွင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်) စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အစည်းအဝေးခန်းမတွင် အထွေထွေမန်နေဂျာ(စက်ရုံ)က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် လူစီးတွဲနှင့် ကုန်တွဲများကို လမ်းပိုင်းများတွင်အသုံးပြုရန် လိုအပ်ချက်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုအပေါ်မူတည်၍ ပြင်ဆင်ရေး၊ ကုန်သေတ္တာတင်ဆောင်နိုင်သောတွဲ(Flat Wagon)များ အပါအဝင် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်မှုပမာဏကို အမြဲမပြတ်လေ့လာသုံးသပ်၍ ဖြည့်တင်းရေး၊ စက်ရုံအတွက် ဝန်ထမ်းများဖြည့်တင်းရေးနှင့်အရည်အသွေးမြင့်မားစေရန် လေ့ကျင့်ပျိုးထောင်ရေးမှာကြားပြီး စက်ရုံအတွင်း လူစီးတွဲများနှင့် ကုန်တွဲများ ပြုပြင်မှု၊ တွဲအရန်ပစ္စည်းများ ထုတ်လုပ်မှု၊ ရိုးရိုးတန်းလူစီးတွဲများကို စာတိုက်တွဲများအဖြစ် ပြောင်းလဲမွမ်းမံတည်ဆောက်မှု၊ ကုန်သေတ္တာတင်တွဲတည်ဆောက်ရေးအတွက် လေ့လာဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ လေဆိပ်ညွှန်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဆိပ်အဆင့်မြှင့်တင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်ဘူတာသို့ သွားရောက်စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့စေရန် စနစ်တကျ ပြုပြင်ထိန်းသိမ်းမွမ်းမံရေးနှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သင့်သည်များကိုအစီအမံရေးဆွဲတင်ပြရန် မှာကြားပြီး ဘူတာယာဒ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း စမုံဘူတာနှင့် သပြေတောင်းဘူတာကြားရှိ ရာဂိမုန်တိုင်းကြောင့် ပျက်စီးသွားသော စမုံမြစ်ကူးတံတားသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စမုံမြစ်ကူးတံတား လုပ်ငန်းခွင်ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် တံတားကြံ့ခိုင်ရေးအတွက် ကမ်းထိန်းနံရံတည်ဆောက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးကလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာစည်ဘူတာသို့ RBE ရထားဖြင့် ဆက်လက်ထွက်ခွာပြီး ဘူတာယာဒ်ဝင်းအတွင်း လူစီးတွဲ၊ ကုန်တွဲများ၊ စက်ခေါင်းများထားရှိမှု၊ ဘူတာယာဒ်ဝင်းအတွင်း ခရီးသည်များ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးအတွင်း နွေသီးနှံများ စိုက်ပျိုးမှုအခြေအနေများနှင့် စမုံရေထိန်းတမံနှင့် ရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးရွှေဇင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် တောမအုပ်စုဥယျာဉ်ကျေးရွာရှိ မိတ္ထီလာတောင်ကန်ဥယျာဉ်မြောင်း ရေသောက်စနစ်အတွင်း နွေနှမ်း(ဆင်းရတနာ ၃)မျိုးများကို ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော တောင်သူများ၏ဧက ၅၀ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး သဲထုတ်ရေတံခါး၊ ပင်မရေပိုလွှဲနှင့် ရေတံခါးတပ်ရေပိုလွှဲများပြုပြင်ဆောင်ရွက်နေမှုအရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်စေမည့် အလျားပေ ၅၀၀ ရှိ အကူရေပိုလွှဲ(Fuse Plug Spillway) ထည့်သွင်းဆောင်ရွက်နေမှုနှင့် ရေစစ်သဲခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် မိတ္ထီလာစက်မှုဇုန်ရှိ ပုဂ္ဂလိက တိရစ္ဆာန်အစာထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ပြည်တွင်းတိရစ္ဆာန်အစာလိုအပ်ချက် ပြည့်မီစွာထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၏ အရေးပါမှု၊ တိရစ္ဆာန်အစာ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစွမ်းအင်စနစ်ကိုအသုံးပြု၍ စက်ရုံလည်ပတ်နိုင်ရေးစီမံဆောင်ရွက်နိုင်မှုအခွင့်အလမ်းများကို တာဝန်ရှိသူများနှင့် ဆွေးနွေးပြောကြားသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ်ရှိ စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ စမုံချောင်းရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့်စမုံရေထုတ်ပြွန်အောက်ပိုင်းရှိ ရေသောက် ဧရိယာဧက ၂၀၀၀၀ ကျော်ခန့်ကို ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် ရေပေးဝေရန်အတွက် ယာယီရေပေးမြောင်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များဆွေးနွေးမှာကြားသည်။ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်သည့် ယာယီရေတားတမံမှနွေသီးနှံရေပေးဝေမည့် ယာယီရေပေးမြောင်းကို သံဖရိန်၊ သံပြားကာ၊ ကွန်ကရစ်ခင်းဖြင့်ဆောင်ရွက်ပြီး မတ် ၆ ရက်မှ စတင် ၍ ရေစမ်းသပ်ပေးဝေလျက်ရှိသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ရာသင်္ချာကျေးရွာအုပ်စု ကျွဲတပ်ကျေးရွာ တောင်သူ ဦးသန်းထွန်း၏ ငါးမွေးကန် ၁၃ ကန်ဖြင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့်မြစ်သားမြို့နယ်ရွာသစ်ကျေးရွာရှိ ဆောင်းကြက်သွန်နီ(ရွှေဖလား) ဧက ၁၀၀ စံပြကွက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများက ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ် ၃ ရက်တွင် သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မြန်မာနိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝ)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA (ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ် မတ်လ ၈ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr.Alexander Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်းအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ် ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) ဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၂၅ ခုနှစ် မတ်လ ၈ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladi–mirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အောင်မြင်မှုများစွာဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၂၅ ခုနှစ် မတ်လ ၈ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး မြန်မာ–ရုရှား၊ မြန်မာ–ဘယ်လာရုစ်မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများလဲလှယ်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ် မတ်လ ၈ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr.Alexander Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## သနန္တဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ် မတ်လ ၈ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

**၂၀၂၅ ခုနှစ် မတ်လ ၈ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladi–mirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E.Mr.Alex–ander Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ် မတ်လ ၈ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ အကြီးအကဲများ၏ချစ်ကြည်ရင်းနှီးစွာဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့်သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံနှင့်လူမျိုးတို့အတွက် လူမှုစီးပွားဘဝတိုးတက်အောင် သမိုင်းဝင်အောင်မြင်မှုများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၂၅ ခုနှစ် မတ်လ ၈ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H. E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့်**
**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**

## လိုက်လိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ် မတ်လ ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit)တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာဆွေးနွေး ညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လိုက်လိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်ကောင်စီဝင်များ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ် မတ်လ ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး Mr.Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး Mr.Alexander Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာများတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လိုက်လိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၂၅ ခုနှစ် မတ်လ ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချွန်လွှာများအား ဆွေးနွေးညှိနှိုင်းလက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဝမ်းမြောက်ဂုဏ်ယူဆုမွန်စကား

၂၀၂၅ ခုနှစ် မတ်လ ၈ ရက်

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့၏ အောင်မြင်မှုခရီးစဉ်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

၂။ မြန်မာနိုင်ငံတော်၏ငြိမ်းချမ်းရေးနှင့်စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်များကို နှစ်ထောင်းအားရဝမ်းသာပီတိဖြစ်ရသည်နှင့်အတူ ဆတက်ထမ်းပိုးအောင်မြင်မှုရပါစေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လှိုက်လှိုက်လှဲလှဲဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

# မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည် ပုဂံဒေသခံများအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်

နေပြည်တော် မတ် ၈

ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရားစေတီပုထိုးများသို့လာရောက်လေ့လာလည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည် ပုဂံဒေသခံများအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပခရီးသွားများသည် မြန်မာ့သနပ်ခါးကို နှစ်သက်စွာလိမ်းခြယ်လေ့ရှိကြကြောင်း ဒေသခံများထံမှ သိရသည်။

မြန်မာ့သနပ်ခါးကို ရှေးဘုရင်များလက်ထက်ကတည်းက မြတ်မြတ်နိုးနိုး သုံးစွဲခဲ့ကြောင်းကို ပုဂံရှိစူဠာမဏိစေတီနှင့် အပယ်ရတနာဘုရားတို့ရှိ နံရံဆေးပန်းချီများ၌ တွေ့ရှိနိုင်သည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများကို မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးပြီး ဝန်ဆောင်မှုပေးခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုကို ထိန်းသိမ်းရာရောက်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြကြောင်း ဒေသခံများက ပြောကြားသည်။

"ခရီးသွားတွေက ပုဂံရောက်ရင် ညောင်ရွက်ပုံ၊ သစ်ရွက်ပုံ၊ အသည်းပုံ ပုံစံအမျိုးမျိုးနဲ့ သနပ်ခါးပါးကွက်လေးတွေ လိမ်းကြတယ်။ အမျိုးသမီးတွေကဆံပင်ကို ကျစ်ဆံမြီးအလှကျစ်ပေးတာကိုပါလုပ်ကြတယ်။ ပြည်တွင်းပြည်ပခရီးသွားအားလုံး သဘောကျကြတယ်။ ပုဂံရောက်ရင် လက်ပန်းချီဆွဲကြတယ်၊ သနပ်ခါးလိမ်းကြတယ်၊ မြန်မာ့ယဉ်ကျေးမှုပေါ်လွင်သလို ဒီလိုဝန်ဆောင်မှုပေးတဲ့အတွက် ဝင်ငွေလည်းရပါတယ်" ဟုဒေသခံတစ်ဦးကပြောသည်။

"မြန်မာနိုင်ငံသားတွေက သနပ်ခါးကို ကိုယ့်အိမ်မှာလည်း အသုံးပြုကြပါတယ်၊ ဒါပေမဲ့ ပုဂံကိုအလည်လာတဲ့အခါလိမ်းဖြစ်တဲ့ သနပ်ခါးရနံ့နဲ့ ခံစားမှုက ပုဂံဒေသရဲ့စွမ်းအင်တစ်ခုပါ။ ပြည်ပခရီးသွားတွေအတွက်ကတော့ မြန်မာ့သနပ်ခါးဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုကို ခံစားရစေပါတယ်။ ပုဂံရောက်ရင် သနပ်ခါးပါးကွက်ကျားလိမ်းပြီး စိတ်ကျေနပ်ပျော်ရွှင်တဲ့ ခရီးသွားတွေကို တွေ့မြင်ရတာဟာ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပါ"ဟု ပုဂံဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ပြောပြသည်။



မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity) သို့ ယခုနှစ် မတ်လမတိုင်မီ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့များနှင့် ပတ်သက်၍ ပညာပေးအစီအစဉ်များကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့



နေပြည်တော် မတ် ၈

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် M.V Moe Hein(မိုးဟိန်း) ရေယာဉ်သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှပေးပို့သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများနှင့် ခွဲကျောက်များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့်ဆန်(40 Kg) ၃၂၁၂ အိတ်၊ဓာတ်မြေသြဇာ အိတ် ၁၅၄၀၊ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၁၄၂၈ ဒသမ ၄၃ တန်တင်ဆောင်၍ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။

ရခိုင်ပြည်နယ်သို့
ကူညီကယ်ဆယ်ရေးပစ္စည်းများ
ပို့ဆောင်ပေးမည့်
ရေယာဉ်ကို တွေ့ရစဉ်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ယနေ့ထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင်ရေယာဉ် ၄၉ စီးဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့်စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၂၃၀၀ ဒသမ ၂၂ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်ကို ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မော်ဘီမြို့နယ် မြောင်းတကာတိုက်နယ်ဆေးရုံ၊ မြောင်းတကာကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း စစ်ဆေး



**ရန်ကုန် မတ် ၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် မော်ဘီမြို့နယ် မြောင်းတကာ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဆေးမှတ်တမ်းဌာန၊ ဆေးရုံဝင်းအတွင်းနှင့် ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ခွဲစိတ်ခန်းပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံလုပ်ငန်းများ တိုးတက်စေရေးမှာကြားကာ လူနာများကို အားပေးစကားပြောကြား၍ တိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြောင်းတကာကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်၍ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန်လာရောက်ကြသူများကို တွေ့ဆုံအားပေးကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်ကပံ့ပိုးပေးထားသည့် ဆေးဝါးများ အသုံးပြုမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများကို စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကာ ဆေးရုံရှိ ရှေးဟောင်းအဆောက်အအုံ ဖြစ်သည့် ဆာဘိုးသာဆောင် ပြင်ဆင်ထိန်းသိမ်းမှုဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး အင်းစိန်ပြည်သူ့ဆေးရုံကြီးသည် ဗဟိုအဆင့်ဆေးရုံကြီးလည်း ဖြစ်ပြီး သင်ကြားရေးဆေးရုံကြီးဖြစ်သည့် အလျောက် အဆင့်မြင့်ကုသမှုများကို ဆောင်ရွက်ပေးနိုင်သည့် ဆေးရုံကြီးဖြစ်စေရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဆေးပေးခန်း (Hospital Dispensary)၊ အရေးပေါ်လူနာဌာန၊ ဓာတ်ခွဲခန်း၊ သွေးလှူဘဏ်၊ ဓာတ်မှန်ဌာန၊ ဖျားနာလူနာဆောင်၊ ခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

အင်းစိန်ပြည်သူ့ဆေးရုံကြီး၏ ဆာဘိုးသာဆောင်ကို ၁၉၂၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က Sir Po Tha and Lady Thar တို့က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက် အကုန်အကျခံကာ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကြီးစားမွမ်းမံပြင်ဆင်ထားသည့် ရှေးဟောင်းလက်ရာစာရင်းဝင် အဆောက်အအုံတစ်ခု ဖြစ်ကြောင်း သတင်းသည်။ (သတင်းစဉ်)

# နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ

**နေပြည်တော် မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်စဉ်။

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများအတွက် စာဖြေဌာန လေးခု စီစဉ်ထားရှိ

**ရန်ကုန် မတ် ၈**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်မှ ၂၂ ရက်ထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများနစ်နာမှုမရှိစေရန်ရည်ရွယ်၍ ဆေးရုံစာဖြေဌာန လေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားရှိသည်။

ဆေးရုံတက်ရောက်ကုသနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား၊ ကျောင်းသူ(လူနာ)များသည် အဆိုပါဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၅ ခုနှစ် မတ် ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

**နေပြည်တော် မတ် ၈**

၈-၃-၂၀၂၅ ရက်နေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ"မှအဆက် ကော်လံ ၅ တွင်ပါဝင်သည့် **"Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လို့ခေါ်တဲ့ အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အတိုက်အခိုက်ခံရတဲ့ Software တွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပြင်းထန်လာစေမယ်ဆိုတာကိုလည်း သတိပြုစေလိုပါတယ်"** ဟူသည့်စာသားအစား "Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လုပ်ခံရတဲ့အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပိုမိုပြင်းထန်လာစေမယ်ဆိုတာလည်း သတိပြုမိဖို့လိုပါတယ်"ဟု **ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။**

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

# အောင်မြေသာစံမြို့နယ်ရှိ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သာသနာနွယ်ဝင်သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက်ရှိ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဓမ္မဝိဟာရရိပရိယတ္တိသီလရှင်စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာနွယ်ဝင်သီလရှင် ၁၆၂ ပါးနှင့် ဒေသခံပြည်သူ ၄၂ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား ၃၀၄ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးရေ ၁၁၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၈**

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၀၄ ဦးကို ယနေ့တွင်သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားဦးရေ ၁၁၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ရာ၌ ယနေ့တွင် တရုတ်နိုင်ငံသား ၃၀၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင့်လွှဲပြောင်းပေးရာ အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ - မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားဦးရေ ၁၁၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ မှ မတ် ၈ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း၄၇၀၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၉၇၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသောနိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား ၃၀၄ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးရေ ၁၁၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှုမှတ်တမ်းခတ်ပုံ။

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မတ် ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၂ မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌လည်းကောင်း နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းဒေသကြီး၌ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အာဂျင်တီးနားနိုင်ငံ ဘာဟိုင်းဘလန်ကာဆိပ်ကမ်းမြို့တွင် ရေကြီးရေလျှံမှုကြောင့် လူ ၁၀ ဦးသေဆုံး



**ဗျူနိုစ်အေရိစ် မတ် ၈**

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရိစ်စီရင်စု ဘာဟိုင်းဘလန်ကာဆိပ်ကမ်းမြို့တွင် မတ် ၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၁၀ ဦး သေဆုံးခဲ့ကြောင်း ဗျူနိုစ်အေရိစ်စီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်သည် ၁၀ လက်မထိ မြင့်တက်ခဲ့ခြင်းကြောင့် မိုးရွာသွန်းပြီး နာရီပိုင်းအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုသည် အန္တရာယ်ရှိနေဆဲဖြစ်သည့်အတွက် သေဆုံးသူဦးရေ ဆက်လက်မြင့်တက်လာနိုင်ကြောင်း၊ ကယ်ဆယ်ရေး ဝန်ထမ်းများက ရေလွှမ်းနေသော နေရာများတွင် နေထိုင်သည့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးလျက်ရှိပြီး ရေလွှမ်းနေသည့်လမ်းမကြီးများကို ဖြတ်သန်းမောင်းနှင်ခဲ့သည့် မော်တော်ယာဉ်တချို့ တိမ်းမှောက်မှုဖြစ်ပေါ်ခဲ့သဖြင့် ပိတ်ထားလိုက်ပြီး တားမြစ်ထားသောဧရိယာများကို ဖြတ်သန်းခြင်းမပြုလုပ်ရန်လည်း ဗျူနိုစ်အေရိစ်စီရင်စု အာဏာပိုင်အဖွဲ့အစည်းက တင်းကျပ်စွာ တားမြစ်ထားကြောင်း သိရသည်။

"ဘာဟိုင်းဘလန်ကာ ဆိပ်ကမ်းမြို့မှာ အန္တရာယ်ရှိတဲ့ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၁၀ ယောက်သေဆုံးခဲ့ပြီး ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်။ ကယ်ဆယ်ရေး ဝန်ထမ်းတွေအပြင် တပ်မတော်သားတွေလဲ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီပေးနေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေအတွက် ယာယီကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပေးထားသလို ကျန်းမာရေး စောင့်ရှောက်မှုစင်တာတွေကိုလဲ ဖွင့်လှစ်ပေးထားပါတယ်"ဟု ဗျူနိုစ်အေရိစ်စီရင်စု အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# စပိန်နိုင်ငံ မူရီစီယာနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေ

**မက်ဒရစ် မတ် ၈**

စပိန်နိုင်ငံ မူရီစီယာနယ်မြေတွင် မတ် ၆ ရက်က မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း စပိန်မိုးလေဝသ အေဂျင်စီ Aemet က ထုတ်ပြန်ခဲ့သည်ဟု မတ် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုသည် မူရီစီယာနယ်မြေအပြင် ဗလန်စီယာနယ်မြေနှင့် ကတ္တလိုနီးယားဒေသတို့၌လည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မူရီစီယာနယ်မြေတွင် စာသင်ကျောင်းများကို ယာယီပိတ်ထားပြီး ရေလွှမ်းနေသည့်လမ်းတချို့ကိုလည်း ယာယီပိတ်ထားကြောင်း၊ ဒေသခံပြည်သူများကိုလည်း နေအိမ်များအတွင်း၌သာ နေထိုင်သွားရန်နှင့် လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် မူရီစီယာအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဖာနန်ဒိုလိုပက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။



"မူရီစီယာနယ်မြေအတွင်း မိုးသည်းထန်စွာရွာသွန်းနေပါတယ်။ Aemet ရဲ့ ထုတ်ပြန်ချက်အရ မိုးရေချိန်ဟာ မီလီမီတာ ၁၂၀ ထိရောက်ရှိနေပြီးတော့ မြစ်ရေလျှံမှုတွေဖြစ်ပေါ်နေတယ်လို့ သိရတယ်။ ရေဘေးအန္တရာယ် လိမ္မော်ရောင်အဆင့်အဖြစ် သတ်မှတ်ထားတယ်။ လမ်းမတချို့တော့ ရေလွှမ်းနေပါတယ်။ ဆိုးရွားတဲ့ ရေဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်တဲ့အတွက် စာသင်ကျောင်းတွေကို ယာယီပိတ်ထားပါတယ်။ ဒေသခံတွေအနေနဲ့လဲ မလိုအပ်ဘဲ အပြင်မသွားကြဖို့နဲ့ နေအိမ်အတွင်းမှာပဲ နေထိုင်သွားဖို့ လိုပါတယ်"ဟု မူရီစီယာ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဖာနန်ဒိုလိုပက်ဇ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# လန်ဒန်မြို့တွင် လေထုညစ်ညမ်းမှုပမာဏလျော့ကျလာပြီး ကျန်းမာရေးနှင့်ညီညွတ်သည့်အဆင့်သို့ ရောက်ရှိ

**လန်ဒန် မတ် ၈**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် မတ် ၇ ရက်က လေထုညစ်ညမ်းမှုအခြေအနေကို စစ်ဆေးတိုင်းတာမှုများပြုလုပ်ခဲ့ရာ လေထုညစ်ညမ်းမှုပမာဏ လျော့ကျလာပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်အဆင့်သို့ ရောက်ရှိပြီဖြစ်ကြောင်း လန်ဒန်လေထုသန့်စင်မှု စောင့်ကြည့်တိုင်းတာရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လန်ဒန်မြို့တွင် ၂၀၂၃ ခုနှစ်မှစတင်၍ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့ပြီး လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် စီမံချက်များဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍကို ကန့်သတ်မှုများပြုလုပ်ခဲ့ရာ ၂၀၂၄ ခုနှစ်အတွင်း အနည်းငယ်ကျဆင်းခဲ့သော်လည်း ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆင့်မျိုးတွင် ရှိနေကြောင်း၊ လန်ဒန်မြို့တွင် ဧရိယာအလိုက်လေထုသန့်စင်ရေးဇုန်များသတ်မှတ်ကာ လေထုညစ်ညမ်းမှုလျှော့ချရေးအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ လေထုညစ်ညမ်းမှု မဖြစ်မနေကျဆင်းရမည့်ဇုန်အဖြစ် Ultra Low Emission Zone (ULEZ) ဇုန်ကို ၂၀၁၉ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုပမာဏသည် ၂၀၂၃ ခုနှစ်က ဖြစ်ပေါ်ခဲ့သော လေထုညစ်ညမ်းမှု ညွှန်းကိန်းပမာဏထက်ကျဆင်းခဲ့ကြောင်း၊ လေထုညစ်ညမ်းမှု လျှော့ချရေးစီမံချက်များအရ မော်တော်ယာဉ်များသုံးစွဲမှုကို ကန့်သတ်ခဲ့ခြင်းဖြစ်ပြီး မော်တော်ယာဉ်များမှ ထွက်ရှိသော နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းလာသည်နှင့်အမျှ လေထုညစ်ညမ်းမှုပမာဏကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း လန်ဒန်လေထုသန့်စင်မှုစောင့်ကြည့်တိုင်းတာရေးအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရန်အတွက် နိုင်ငံတကာသဘောတူစာချုပ်မူကြမ်းပြင်ဆင်နိုင်ရေး ဩဂုတ်လအတွင်း ဆွေးနွေးပွဲတစ်ရပ်ကျင်းပမည်ဖြစ်

**ဂျီနီဗာ မတ် ၈**

ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရန်အတွက် ပထမဆုံးသော နိုင်ငံတကာသဘောတူစာချုပ်မူကြမ်း ပြင်ဆင်နိုင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယခုနှစ် ဩဂုတ်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်(UNEP)၏ ယခုသီတင်းပတ်အတွင်း ထုတ်ပြန်ချက်များကို ကိုးကား၍ မတ် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပလတ်စတစ်ညစ်ညမ်းမှုနှင့် ပတ်သက်၍ နိုင်ငံတကာ တရားဝင် စည်းမျဉ်းတစ်ခု ထုတ်ပြန်နိုင်ရန် အတွက် နိုင်ငံတကာက ကြိုးပမ်းလျက်ရှိရာ အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ယခုနှစ် ဩဂုတ်လအတွင်း ကျင်းပသွားမည်ဖြစ်သည်ဟု UNEP က သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

ကမ္ဘာ့ ပလတ်စတစ်အမှိုက် ထွက်ရှိမှုသည် ၂၀၁၉ ခုနှစ် မတိုင်မီ အနှစ် ၂၀ အတွင်း နှစ်ဆကျော်တိုးလာကြောင်း UNEP က ပြောကြားထားပြီး ကုလသမဂ္ဂ အဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းကတည်းက ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ နိုင်ငံတကာ တရားဝင် စည်းမျဉ်းတစ်ခုကို ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် နိုင်ငံတကာမှ ကိုယ်စားလှယ်များ ပါဝင်သော အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သော်လည်း သဘောထားမတိုက်ဆိုင်မှုများကြောင့် သဘောတူညီချက်များမရရှိခဲ့ဘဲ အစည်းအဝေးများ ဆက်လက်ကျင်းပရန်သာ ဆုံးဖြတ်နိုင်ခဲ့ကြောင်း၊ ယခုအခါ ဆွေးနွေးပွဲများ အသစ်စတင်နိုင်ရေးအတွက် လာမည့်မေလမှစတင်၍ အကြိုညှိနှိုင်းဆွေးနွေးမှုများ စတင် လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# လော့စ်အိန်ဂျလိစ်ကောင်တီတွင် တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်တည်ဆောက်ပေးသွားမည်

**ဝါရှင်တန် မတ် ၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ကောင်တီတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့မှုများကို အမြန်ဆုံးပြန်လည်တည်ဆောက် ပေးသွားမည်ဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်ကောင်တီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မတ် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဒေသခံပြည်သူများကလည်း ၎င်းတို့၏ ပျက်စီးခဲ့သောနေအိမ်များကိုပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပြီး တချို့သောဒေသခံများမှာ ငွေကြေးအခက်အခဲကြောင့် ပြန်လည်တည်ဆောက်ရေးအတွက် အခက်အခဲများ ရှိနေကြောင်း၊ နိုင်ငံတော်အဆင့် သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားခြင်းကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဖက်ဒရယ်အစိုးရက ကူညီပံ့ပိုး ပေးလျက်ရှိကြောင်း သိရသည်။

"အမေရိကန်နိုင်ငံ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးတောမီးလောင်ကျွမ်းမှု ဖြစ်တာနဲ့အညီ ပျက်စီးဆုံးရှုံးမှုလဲ များပြားခဲ့တယ်။ တောမီးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ပြည်သူတွေ၊ မိသားစုတွေ ဘယ်လောက်ထိကြီးမားတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရမလဲဆိုတာ နားလည်သဘောပေါက်ပါတယ်။ ဒါကြောင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကို အရှိန်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ဆောင်ရွက်မှုတွေကိုလဲ အမြန်ဆုံးပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု လော့စ်အိန်ဂျလိစ်ကောင်တီ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကာရင်ဘော့စ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဝတ္ထုတိုကလျာ

# ထမ်းပိုး၏ အခြားတစ်ဖက်မှာ

မောင်ခြိမ့်



**မတ် ၇ ရက်မှအဆက်**

ယခုလို "ကျ-မ" ဆွဲချိန်၊ ဖောင်စီးပုစွန်ခပ်ချိန်တွင် တစ်ယောက်တည်းလုပ်နိုင်သည်မဟုတ်၍ လူငှားခေါ်ကြရတော့၏။ ထိုသို့ခေါ်ရလျှင် သုံးပုံတစ်ပုံခွဲပေးရသဖြင့် ကိုယ့်အတွက် အကျန်နည်းလိမ့်မည်။ အကြီးဆုံးကောင်က ဆယ်တန်းပေမို့ သူ့ခမျာကျောင်းစာနှင့် နပန်းလုံးနေရလေသည်။ ဒုတိယသားကတော့ ငယ်သေးသဖြင့် မြစ်ထဲ၊ ချောင်းထဲ၊ ရေထဲ၊ မိုးထဲမှာ မခိုင်းရက်ပါ။ သို့အတွက် မကျင်ငွေက-

"လူငှားခေါ်မနေပါနဲ့တော်၊ ငါးမြွေထိုးပိုက်အသစ်ကလေးဝယ်နိုင်အောင် စုရအုံးမယ်။ သားကြီးမြို့ဘက်ကမ်းသွားတက်နေတဲ့ ကျူရှင်စရိတ်ကလဲရှိသေးတယ်။ စာမေးပွဲကြီးမတိုင်ခင် အထူးထုတ်ဆိုလား အဲဒီစာအုပ်တွေကလဲ ဝယ်ရအုံးမှာတဲ့။ ကျုပ်ပဲ ပဲ့ကိုင်လိုက်ခဲ့ပါ့မယ်။ ဒါထက် ကိုဖိုးနီ၊ တော့်သားက လူပျိုလုပ်ချင်နေပြီတော့ သိရဲ့လား" ပြောရင်းက တဟီးဟီးရယ်လေသည်။

"မင်းကလဲကွာ အစမရှိ၊ အဆုံးမရှိ။ သားကြီးဘာဖြစ်လို့လဲကွ"

သားအတွက် စိတ်ပူပန်စွာမေးသည်။ ဟုတ်သည်။ ဖိုးနီသည် သားအကြီးကောင်ကို သားဦးပေမို့လားမသိ။ အလွန်ချစ်၏။ အားလည်းထား၏။ သည်ကောင်ကြီးကို ပညာတတ်ကြီးဖြစ်စေချင်သည်။ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီးဖြစ်စေချင်သည်။ သားကြီးကလည်းတော်ရှာပါသည်။ ယခုတောင် မိဘတွေကအတင်းတားသဖြင့်သာ နေခဲ့ရသည်။ မဟုတ်လျှင် သူကိုယ်တိုင် ပဲ့ကိုင်လိုက်ချင်၊ မိဘကို ကူချင်သည့်စိတ်ရှိသည်။

"တော်ကလဲ ပြောမှာပေ့ါတော့။ ကျောင်းဝတ်စုံတွေက သိပ်ဟောင်းနေလို့ ဖြစ်နိုင်ရင် တစ်စုံလောက် အသစ်ချုပ်ချင်တယ်လို့ ကျုပ်ကိုပူဆာနေတယ်။ ဟုတ်လဲဟုတ်တယ်တော့။ မနှစ် ကိုးတန်းတုန်းက လက်ကျန်တွေဆိုတော့ နွမ်းလဲနွမ်း၊ သေးလဲသေးနေကုန်ပြီ။ အင်းလေ သူလဲအရွယ်ကလေးရောက်လာပြီဆိုတော့ ဝတ်ချင်စားချင်ရှာမှာပေ့ါတော်"

"မင်းကလဲကွာ ငါ့မှာဖြင့်ဘာများလဲလို့"

ပြောရင်း မြစ်လယ်ဘက်ဆီ လှေကိုလှော်တက်ဖြင့် ယက်ထုတ်လိုက်သည်။

ဟော…မြင်နေရပြီ။ မှုန်ရီဝေဝါး မြစ်ပြင်တစ်ခုလုံး ဒိုက်ပုံများ၊ ကန်စွန်းဖောင်များ၊ ဗေဒါအုံများ မျောပါလာနေကြပြီ။ မြစ်ညာဘက် ခပ်လှမ်းလှမ်းတွင် မီးရောင်ကလေးတွေက တလက်လက်နှင့် ဟိုသည်ရွေ့လျားကာ ပုစွန်ခပ်နေကြပြီ။

မြစ်ပြင်ပြည့်ခမန်း မျောပါလာသမျှ ဒိုက်ဖောင်၊ ဗေဒါအုံများကို မည်သူမျှကုန်စင်အောင် ခပ်မယူနိုင်ပါ။ ခပ်သွက်သွက်စီးဆင်းနေသည့် မြစ်ရေကြောင့် တစ်ဖောင်တစ်အုံကိုခပ်ယူနေတုန်း အခြားဒိုက်ပုံများက မြစ်အကြေဘက်သို့ မျောပါသွားကုန်ကြပြီ။

ဖိုးနီသည် လှော်တက်ကို အသာချ၍ လှေဝမ်းထဲက ပုစွန်ခပ်သည့်ဒိုင်းဝန်းကို လှမ်းယူသည်။ အချင်းသုံးပေခန့် ဝါးဖြင့်ခွေထားပြီး တစ်မတ်ကွက်ပိုက်စကိုကတော့ပုံ တပ်ထားသဖြင့် ဆန်ကောဝိုင်းလောက်၊ လူတစ်ဖက်စာလောက် ဒိုက်ပုံများကိုကျုံး၍ ကော်တင်မယူလိုက်ရန် အနေတော်ပဲဖြစ်သည်။ သည်ည ပုစွန်များများရအောင်ရှာရမည်။

မကျင်ငွေက ရေစီးကို ဦးတိုက်ကာ မျောပါမသွားစေရန် တောင့်၍လှော်ပေးထားရသည်။ "ဘေးကိုဘေးကို"ဟု ဖိုးနီကအော်လျှင် လှေဦးကို ဘေးသို့နည်းနည်းကပ်ပေးသည်။ ရေစီးအရှိန်နှင့် မျောပါလာသည့် ဒိုက်ပုံကြီးကို အားနှင့်ထိုး၍ ခပ်တင်လိုက်သည်။ ဒိုင်းဝန်းထဲပါလာသော ဒိုက်ဖတ်များကို ဆွဲဖယ်လိုက်လျှင် လက်မကားကြီး သုံးကောင် တဆတ်ဆတ် တဖျပ်ဖျပ်ခုန်ရင်း ဒိုင်းဝန်းထဲမှာပါလာနေပြီ။

လှေကပ်ကိုအသာမ၍ ပုစွန်တုပ်ကြီးတွေကို ထည့်ပြီး ပြန်ဖုံးထားရသည်။ နို့မဟုတ်ပါက တောင်ဆုပ်ခန့်သာစောက်နက်သော လှေဝမ်းထဲကခုန်ထွက်သွားနိုင်သည်။

"ညာဘက် ညာဘက်"ဟု လှမ်းအော်ကာ မကျင်ငွေက လှေဦးကို ညာဘက်အယိမ်းတွင် ဖျာတစ်ချပ်စာခန့် ကန်စွန်းဖောင်ကြီးအောက်ခြေကို ထိုးကော်ခြစ်ဆွဲလိုက်သည်။ သည်လိုကန်စွန်းဖောင်ကြီးမျိုးကျတော့ တစ်ခါတည်းထိုးကော်ယူ၍ မရ ဒိုင်းဝန်းနှင့်မဆံ့။ သို့ဖြစ်၍ ကန်စွန်းဖောင်၏ အမြစ်များကိုသာခြစ်ယူ၍ ဒိုင်းဝန်းကို ဆွဲဖော်လိုက်ရသည်။ ဆတ်ထုပ်လေး၊ ငါးကောင်နှင့် လက်သန်းခန့် ဘေးကျားကလေး သုံး၊ လေးကောင်ပါလာသည်။ ထိုကဲ့သို့ ခပ်ယူလိုက်၊ နေရာပြောင်းလိုက်နှင့် လောဘဇောကပ်ပြီး လှုပ်ရှားနေသည့် ဖိုးနီတစ်ယောက် ဘေးကြောတွေတင်းကာ လက်နှစ်ဖက်ကလည်း ညောင်းလာပြီ။

မြစ်ယံတစ်ကြောတွင် သောသောအုပ်အုပ်မျောပါလာနေကြသော ဒိုက်ဖောင်များလည်း တဖြည်းဖြည်းကျဲပါးသွားလေပြီ။ ရေစီးအဟုန်ကတော့ ရွေ့သည်ဆိုရုံကလေးသာရွေ့တော့၏။

တစ်ဆက်တည်း မနားတမ်းလေးငါးနာရီခန့် ဆက်တိုက် ပုစွန်ခပ်နေရသော ဖိုးနီရော၊ လိုရာဘက်ကို ပဲ့ကိုင်လှော်ခတ်ပေးနေရသော မကျင်ငွေပါပင်ပန်းနွမ်းနယ်နေကြပြီ။ လှေဝမ်းထဲမှာတော့ သူတို့လင်မယား ပင်ပန်းကြီးစွာရှာထားသော ပုစွန်များက မနည်းလှ။ ထိုပုစွန်များကိုကြည့်ပြီး နှစ်ယောက်စလုံး ဝမ်းသာနေကြသည်။

ဖိုးနီသည် လှေဦးမှာပင် ခါးကိုဟိုသည်လှည့်၍ ကျွတ်ကျွတ်မြည်အောင်ချိုးပြီး ကျိန်းစပ်နေသော မျက်စိအစုံကိုလန်းဆန်းသွားစေရန် မြစ်ရေကို လက်ခုပ်နှင့်ခပ်ပြီး မျက်နှာသစ်လိုက်သည်။

"နောက်ထပ် သုံးလေးဖောင်လောက် ခပ်ပြီးရင် ပြန်တော့မယ်ဟေ့။ ရေတောင်တဖြည်းဖြည်း တက်တော့မယ်ကွ"ဟုပြောရင်း လှေ၏ဘယ်ဘက်ဘေးမှကပ်၍ မျောလာသော ဒိုက်ဖောင်ကိုလှမ်း၍ ခပ်ယူလိုက်သည်။ ပြီးမှ-

"ဟိုက်… ဒုက္ခပါပဲ"

အလန့်တကြားအော်ပြီးမြစ်ရေထဲပြန်ချလိုက်သည်။

"ဘာလဲ ဘာလဲ ကိုဖိုးနီ"

လှေပဲ့မှ မကျင်ငွေက စိုးရိမ်တကြီး လှမ်းမေးသည်။ ကံသီပေလို့သာပဲ။ တစ်ခါတစ်ခါ အင်းထဲ တမံထဲမှ မျောထွက်လာကြသော ဒိုက်ပုံများပေါ်တွင် မြွေပွေး၊ မြွေဟောက်တို့ခွေ၍ လိပ်၍ပါလာတတ်ကြ၏။ ထိုဒိုက်ပုံများပေါ်တွင်ပင် အင်းထဲအိုင်ထဲမှ ဖားပေါင်စင်းကလေးများ၊ ဖားပျံကလေးများကလည်း ပါလာတတ်သေးရာ မြွေများက အစာငမ်း၍ ပါလာခြင်း ဖြစ်တော့၏။

"ဘာမှ မဟုတ်ပါဘူးကွာ အဲဒီဒိုက်ပုံက သူများခပ်ပြီးသားကြီးကွ။ ထိုးကော်ထားလို့ အမြစ်တွေပါ ရေပေါ် လန်တက်နေတာ သွားခပ်မိလို့ဟေ့။ တော်ပြီကွာ ရေစီးနှေးသွားတော့ ဒိုက်တွေက တဖြည်းဖြည်းပဲမျောလာတာ။ ဒီတော့ တို့အထက်မြစ်ညာက ကောင်တွေ မလွတ်တမ်း ခပ်ယူလိုက်ပြီးသားတွေကွ။ ပင်ပန်းရကျိုး မနပ်ပါဘူးကွာ။ ပြန်မယ်"

ဘာမှ မဖြစ်သယောင်နှင့် မကျင်ငွေကို လှမ်းပြောသည်။ တကယ်တော့ ထိုဒိုက်ပုံပေါ်တွင် မြွေပွေးလား၊ မြွေဟောက်လား မသိ။ ပါလာသည်ကတော့ အမှန်။ အိပ်ရေးပျက်မျက်လုံးများက သေသေချာချာ မမြင်နိုင်စွမ်းတော့။ ဇနီးဖြစ်သူ စိတ်မပူစေရန် ဖိုးနီ ညာလိုက်ခြင်းဖြစ်သည်။

ဖိုးနီက လှေဦးခေါင်းထဲမှ ဆေးပေ့ါလိပ်တိုကို ထုတ်ယူပြီး မီးညှိကာ တထောင်းထောင်း ဖွာထုတ်လိုက်သည်။ ပြီးတော့ နှင်းတွေ၊ ရေငွေ့တွေ အုံ့ဆိုင်းကာ မှောင်ရီဝေနေသော မြစ်ညာဘက်ဆီလှမ်း၍ ငေးကြည့်နေသည်။ လမိုက်ညဖြစ်၍ ဘာကိုမျှ သဲသဲကွဲကွဲမမြင်ရ၊ စောစောတုန်းက ပျားပန်းခပ်မျှ ဟိုဟိုသည်သည် ရွေ့လျားကာ ပုစွန်ခပ်နေကြသော ဘဝတူ တံငါလှေကလေးများဆီမှ မီးခွက်မီးရောင်များပင် သိပ်မတွေ့ရတော့ တဖြည်းဖြည်းကျဲပါးသွားလေပြီ။

တစ်ညတာလုံး ဝမ်းရေးအတွက် လှုပ်ရှားရုန်းကန်ကြရသဖြင့် မိမိတို့အသိုက်အမြုံများဆီသို့ မောပန်းစွာပြန်ကုန်ကြ၏။ အရှေ့ဒရင်းရွာဦးကျောင်းဆီက အုန်းမောင်းခေါက်သံသည် လေဟုန်စီးကာ မြစ်ယံတစ်ကြောမှာ လွင့်ပျံ့လာနေပြီ။ မကြာမီ အရုဏ်တက်တော့မည်။

ဖိုးနီတို့လင်မယား အိမ်ရှေ့ကပြင်တွင် ဖျာကြမ်းကြီးခင်းပြီး ပုစွန်များကို ရွေးဆယ်နေကြသည်။ ဆတ်ထုပ်က သက်သက်၊ ပြောင်ထုပ်က သက်သက်၊ လက်မကားက သက်သက်ခွဲခြားထားရသည်။ သားကြီးကတော့ အဖေနှင့်အမေစားရန်အတွက် လက်သန်းခန့် ပုစွန်ကလေးများကိုရွေးပြီး ခေါင်းနှင့် အမြီးချွတ်ကာ ဆားနယ်နှင်းနယ်၍ ကြော်နေသဖြင့် မွှေးကြိုင်နေသော ပုစွန်ကြော်နံ့က ဖိုးနီ၏နှာဝကိုလာ၍ ချူနေပြီ။

ထို့ကြောင့် ဖိုးနီက မကျင်ငွေကို လှမ်းကြည့်လိုက်သည်။ ထိုအကြည့်တွင် မိမိပင် ယောကျ်ားကြီးတန်မဲ့ အူတကြုတ်ကြုတ်မြည်အောင် ဆာနေပြီဖြစ်ရာ မိန်းမသားဖြစ်တဲ့ မကျင်ငွေခမျာရော ဆာနေပြီမဟုတ်လားဟုမေးသည့် အဓိပ္ပာယ်တွေပါလျက်ရှိသည်။ ထိုအခိုက်မှာပင် မကျင်ငွေကလည်း ဖိုးနီထံလှမ်း၍အကြည့်နှင့် တိုက်ဆိုင်နေသောအခါ နှစ်ယောက်သား သဘောပေါက်စွာရယ်မိကြတော့၏။

အဖေနှင့်အမေတို့ ပုစွန်များရွေးဆယ်နေသည်ကို ဘေးနားက ဆောင့်ကြောင့်ထိုင်၍ ကြည့်နေသော သားငယ်က ယခုထက်တိုင် တဆတ်ဆတ် ခုန်ပေါက်နေသေးသော ကျောက်ပုစွန်သေးသေးကလေး တစ်ကောင်ကို ရအောင်ဖမ်းလိုက်ပြီး အမြီးဖျားမှကိုင်ကာ ဒီဇယ်မီးခွက်တွင် မီးဖုတ်ရင်း-

"ဒီပုစွန်သေးသေးလေးတွေဟာ ကြီးလာရင် ပုစွန်တုပ်ကြီးတွေ ဖြစ်လာမှာလားအဖေ" ဟု ဖိုးနီကို လှမ်း၍ မေးလိုက်သည်။

ဖိုးနီက လှမ်းကြည့်ရင်း-

"ဟေ့ကောင် ငတ်လှချေကလားဟ။ မီးခွက်မီးမှာဖုတ်စားတော့ ဒီဇယ်စော်နံမှာပေ့ါဟ။ မင်းအစ်ကိုကြီး ပုစွန်ကြော်တာ ကျက်တော့မယ်၊ သွားစားချေ" ဟု ဟောက်သော်လည်း မီးဖုတ်လက်စ ပုစွန်ကလေးကို ကျက်အောင်ဆက်ဖုတ်ပြီး အခွံမသင် ဘာမသင်နှင့် တကျွတ်ကျွတ်ဝါးစားရင်းက-

"ဟင်လို့ အဖေ၊ ဒီပုစွန်လေးတွေက ကြီးလာရင် ပုစွန်တုပ်ဖြစ်လာမှာလားလို့"

စာမျက်နှာ ၂၅ သို့ ➤

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော မတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၆ ဒသမ ၂၃ တင်းထွက်ရှိ



**ကန့်ဘလူ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၂၃ တင်းထွက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၈၅၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမတ်ပဲခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ရိတ်သိမ်းခဲ့ကြရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ မတ်ပဲ ၃၈၅၄၄ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မတ်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ် နည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

မတ်ပဲအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ရာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း မတ် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းကောက်ကျေးရွာအုပ်စု မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကို မတ် ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့်စတင်မတည်ဆောင်ရွက်ခဲ့ပြီး ယခုဆဋ္ဌမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းသန်းစိုး**

➤ **စာမျက်နှာ ၂၄ မှအဆက်**

သူ သိချင်တာ ဆက်မေးနေပြန်သည်။

“ကလေးသိချင်တာကို ပြောလိုက်စမ်းပါတော် ”

မကျင်ငွေကတိုက်တွန်းသည်။ ဖိုးနီက သားငယ်ကိုကြည့်ရင်း သက်ပြင်းတစ်ချက် ရှိုက်လိုက်သေးသည်။

“ဘယ်ဖြစ်ပါ့မလဲသားရယ်၊ ဘယ်ဖြစ်ပါ့မလဲ။ ပုစွန်ဆိတ်ဟာ ပုစွန်ဆိတ်ပဲ။ ပုစွန်ဘေးကျားက ပုစွန်ဘေးကျားပဲ။ ကျောက်ပုစွန်ဟာ ကျောက်ပုစွန်။ ဘယ်လောက်ကြာအောင် ဆက်မွေးမွေးဘယ်တော့မှ ပုစွန်တုပ်လဲ ဖြစ်မလာဘူး။ ပုစွန်တုပ်လောက်လဲ ကြီးမလာနိုင်ဘူးကွ။ ဒါဟာ သဘာဝတရားကြီးက ကန့်သတ်ထားတာကွ သိရဲ့လား”

နားလည်လေသလား၊ မလည်လေသလားတော့မသိ။ ပါးစပ်ထဲက ဝါးလက်စပုစွန်ကလေးကုန်သွားသည်နှင့် အငယ်ကောင်သည် သူ့အစ်ကိုကြီး ပုစွန်ကြော်နေသည့် မီးဖိုချောင်ဘက်သို့ ပြေးထွက်သွားတော့သည်။

ဖျာကြမ်းအလယ်တွင်ချထားသော မီးခွက်ကို ပိုးကောင်ကလေးတွေ ဝိုင်းပတ်ပျံသန်းနေကြသည်။ ပုစွန်ရွေးနေသော မကျင်ငွေသည် ရွေးလက်စ ခဏရပ်ပြီး ဖိုးနီကို ကြည့်သည်။ ပြီးမှတိုးညင်းစွာဖြင့်-

“ကိုဖိုးနီ ကျုပ်တစ်ခုမေးစမ်းပါရစေတော်။ သိချင်လို့ပါ”ဟု ဆိုသည်။

“ဘာများလဲကွာ မင်းကလဲ ကလေးမဟုတ် သားငယ်မဟုတ်”

“သြော်... ကျုပ်တို့သားကြီးအတွက်ပါ ကျုပ်တို့က သားကြီးကို ကြီးလာရင် ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေဖြစ်စေချင်တယ် မဟုတ်လား။ ဖြစ်လဲဖြစ်ရမယ်လို့ အားခဲထားတယ်မဟုတ်လား။ ဒါပေမဲ့ ကျုပ်တို့လိုတံငါနင်းပြားဆင်းရဲသားရဲ့ သားသမီးဟာ အဲဒီကျုပ်တို့ ရည်မှန်းထားတဲ့ ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ ဖြစ်လာနိုင်ပါ့မလားဟင်။ အဲဒါ ကျုပ်သိချင်လို့ပါ ”

ဖိုးနီသည် မကျင်ငွေကို အကြာကြီးစိုက်၍ ကြည့်နေသေးသည်။ ပြီးတော့ အံကိုလည်းတင်းတင်းကြိတ်မိသေးသည်။

“မင်းက ငါစောစောကပြောတဲ့ ကျောက်ပုစွန်သေးသေးကလေးက ဘယ်တော့မှ ပုစွန်တုပ်ဖြစ်မလာနိုင်ဘူးဆိုတာနဲ့ဆက်စပ်ပြီး တွေးမိလို့မေးတာ မဟုတ်လား။ ဒီမှာ မကျင်ငွေ၊ ပုစွန်ကပုစွန်ပဲကွ။ လူမဟုတ်ဘူး။ လူဆိုတာကြိုးစားရင်ဘုရားတောင်ဖြစ်နိုင်တယ်လို့ဆိုထားတယ်မဟုတ်လား။ ဟောဒီ ငါတို့တံငါတွေစုနေကြတဲ့ တို့ရွာတစ်ရွာလုံးမှာ ဘယ်တုန်းကမှ ဆရာဝန်တစ်ယောက်ဖြစ်ထွန်းမလာခဲ့ဘူး။ အင်ဂျင်နီယာတစ်ယောက်ပေါ်ပေါက်မလာခဲ့ဖူးသေးတာတော့ အမှန်ပဲကွာ။ ဒါကြောင့်တို့သားကြီးကို ဖြစ်မှဖြစ်လာနိုင်ပါ့မလားလို့ မင်းတွေးနေတာမဟုတ်လား။ အေး... ဘယ်ခေတ်ဘယ်အခါက မဖြစ်ခဲ့၊ မဖြစ်ခဲ့ ငါတို့ခေတ်မှာ ငါတို့သားကတော့ ဖြစ်ကိုဖြစ်လာစေရမယ်ကွ သိရဲ့လား။ ငါ့မှာ ခွန်အားဗလတွေရှိနေသေးတယ်။ အသက်အရွယ်အရ သန်သန်စွမ်းစွမ်းလဲရှိပါသေးတယ်ကွ။ ငါရေထဲက မတက်စတမ်းရှာချင်ရှာရပါစေ၊ မေးစေ့ရေညှိတက်ချင်တက်ပါစေ၊ ထမ်းပိုးအောက်က မထွက်စတမ်းရုန်းချင်ရုန်းရပါစေ ငါ့သားကြီးကို ဆရာဝန်ဖြစ်အောင်၊ ဒါမှမဟုတ်အင်ဂျင်နီယာကြီးဖြစ်အောင် ထားမယ်ကွ၊ သိရဲ့လား။ ထားကိုထားရမယ်”

အားမာန်အပြည့်နှင့် လက်သီးလက်မောင်းတန်းကာ လေသံမာမာယုံကြည်ချက်ပြင်းပြင်းနှင့် ပြောနေသော ဖိုးနီကိုကြည့်ပြီး မကျင်ငွေတစ်ယောက် ကြက်သီးများတဖြန်းဖြန်းထကာ အားတွေအင်တွေပြည့်တက်လာသည်ထင်ရတော့၏။

“အိုတော်၊ ဒီလိုတမ်းသာဆိုရင် ရှင်တစ်ယောက်တည်း မရုန်းရပါဘူး။ အလှည့်ကျရင် နွားမတောင် မန္တစတမ်းရုန်းရသေးတယ်ဆိုတဲ့စကားလဲအရှိသားမဟုတ်လား။ ကျန်တဲ့ထမ်းပိုးတစ်ဖက်ကဝင်ရုန်းရမှာ ကျုပ်တာဝန်ထားလိုက်စမ်းပါတော်”

ဖိုးနီသည် ငေးကြည့်နေရင်း ဘာပြန်ပြောရမည် မသိ။ စကားလုံးများ ရှာမရဖြစ်နေသည်။ ကြည့်စမ်း၊ ဖြီးသင်ထားခြင်းမရှိ၍ ဖွာလန်ကြဲကာ လွင့်ပျံနေသော ဆံပင်၊ သနပ်ခါးမတင်နိုင်ဘဲ နေဒဏ်၊ လေဒဏ်တို့ကြောင့် ညိုညစ်ညစ်မျက်နှာ၊ အိပ်ရေးမဝသည့်အတွက် နီကြင်နေသော မျက်ဝန်းများနှင့် သည်မိန်းမခါတိုင်းနှင့်မတူ။ သည်ကနေ့ သိပ်လှနေပါကလား...။

## အလှပေါင်းစုံဖြာ ပြည်မြန်မာ

\- မြန်မာပြည် သာပုံဆန်းရယ်ကြောင့်
လာရန်လှမ်း ဖိတ်ခေါ်မယ်၊
ရှခင်းအစုံ ဂုဏ်ပေါင်းထပ်လို့
မပြတ်တင့်တယ်၊
ယဉ်ကျေးမှု အမွေနှစ်ရယ်
ဂုဏ်သတင်းကြွယ် ထည်ဝါလှ၊
ခုနစ်သံစဉ် ငြိမ့်ငြိမ့်ညောင်းလို့
ကောင်းခြင်းသာစွ။

\- ဂီတဟန် မြန်မာ့အက
သုခုမ စံပြကာ၊
အစွန့်ရှည် ထိန်းသိမ်းထားလို့
ဝင့်ကြွားပေတာ၊
ပန်းဆယ်မျိုး မြန်မာ့လက်ရာ
ဗိသုကာ အံ့မခန်း၊
စိုးမိုးထိန် သမိုင်းခရီးမို့
ကိုယ့်ထီးကိုယ့်နန်း။

\- ပုထိုးစေတီ ကျောင်းသင်္ခမ်းနှင့်
ပြည်တစ်ဝန်း ရိုးရာအစုံ၊
ရှေးရိုးမှု ထုံးဓလေ့မို့
မမေ့စုပုံ၊
အလှူဒါန ရင်တွင်းလှို
တင့်ဆန်းခြုံ ကမ္ဘာရှား၊
တို့နိုင်ငံ စိတ်ကြည်နူးဖို့
အလွန်ထူးခြား။ ။

ရင်ခတ်ပန်း(စွယ်တော်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲဝံ့စွန့်စား ပြည်ချစ်သား** စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** ပထမဆု
ထားရှ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** တတိယဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ် မော်ကွန်းတည်စေသတည်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ပည်းမော်ကွန်း တည်စေညွှန်း** အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** ပဉ္စမဆု
မနောဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ပည်းမော်ကွန်း ပေါ်ထွန်းမွေးမြ သမိုင်းလှသော မြန်မာ့တပ်မတော်** အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** ပထမဆု
အမောင်

၂။ **သူတို့ကို ဈေးမရောင်းတော့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** စတုတ္ထဆု
မနောဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဓာတ်သွေးစက် အိုးစားဖက်ကိုရှာကြသည်** ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေရဲဝံ့ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွှေးပျံ့နေသည်** အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** တတိယဆု
လှမောင်(ဝိရောဓိ)

၄။ **အထ္ထဝါထက်က ပန်းပျိုးလက်** စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နုပျိုနေသည့် ဥဒါန်းစကား** အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** ပထမဆု
တက္ကသိုလ်မြမဥ္စူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# မြင်းမူမြို့နယ်တွင် နွေသီးနှံ စပါး ၁၀၀၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်း မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၀၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် စပါး ဧက ၁၉၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်၍စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၀၀၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြင်းမူမြို့နယ် ဒီနှစ်နွေသီးနှံ စိုက်ပျိုးရာသီမှာ စပါးဧက ၁၉၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၀၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် စပါးစိုက်ပျိုးတောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့်ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း စသည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သောဝယ်လိုအားမျှတလာပါက ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးများအထွက်နှုန်းတိုးစေရေး ဒေသမရွေးကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဝါးခယ်မ မတ် ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကျားပျံစပါးအမျိုးအစားတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ကျားပျံစပါးအမျိုးအစားတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေလဲ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးအမျိုးအစားက ဆန်အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်" ဟု ဝါးခယ်မမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်က ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချနိုင်ခဲ့သည့် ကျားပျံစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ၊ အဆိုပါ ကျားပျံစပါးများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဟင်္သာတမြို့နယ် ဒါးက(မြောက်)ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ဟင်္သာတ မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒါးက(မြောက်) ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ ဟင်္သာတမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဒါးက(မြောက်)ကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၈၅၀၊ အကျယ် ၂ ဒသမ ၅ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၇၂ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်ငါးသိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၇၇ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလတတိယပတ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# မင်းလှမြို့နယ် တူးမြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ မတ် ၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားတောကွင်းအုပ်စု တူးမြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို မတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တူးမြောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၅၂ ဦးကို ငွေကျပ် ၃၃ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၆ ဦးကို မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

**အေးမြတ်**

# ဘားအံမြို့နယ် ဒုံသို့ကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု စစ်ဆေး

ဘားအံ မတ် ၈

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဒုံသို့ကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု အခြေအနေများကို မတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုး၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ဒုံသို့ကျေးရွာ၌ ကုန်ထုတ်တံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုးက တာဝန်ရှိသူနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဒုံသို့ကျေးရွာ၌ အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကွန်ကရစ်အမျိုးအစား ကုန်ထုတ်တံတား တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၆၇ ဒသမ ၉၆၅ သန်းဖြင့် ရာမညဟိန်းကုမ္ပဏီက ၂၀၂၄ ခုနှစ် ဇွန် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုးထံမှ သိရသည်။

**ဆက်လူ**

စာပေမြင့်မှ လူမျိုးတင့်မည်

# အရှေ့အလယ်ပိုင်းဒေသတွင် ဦးဆောင်ရန်ကြိုးပမ်းလာသည့် ဆော်ဒီအာရေဗျ

ဆော်ဒီအာရေဗျနိုင်ငံသည် လက်ဘနွန်၊ ဆီးရီးယား၊ အီရတ်တို့နှင့် ပြန်လည်ထိတွေ့ဆက်ဆံမှုကိုပြုလုပ်လာခဲ့ရာ ၎င်းလှုပ်ရှားမှုသည် တူကီယဲ၊ ကာတာနှင့် အီရန်တို့၏ ရွှေ့ပြောင်းလာသော ဒေသတွင်းဩဇာလွှမ်းမိုးမှုကို တစ်စိတ်တစ်ပိုင်းတန်ပြန်မှုဖြစ်စေမည်ဖြစ်သည်။ သို့သော်လည်း ဂိုဏ်းဂဏနိုင်ငံရေးနှင့် ပြည်ပအင်အားကြီးနိုင်ငံများ၏ စွက်ဖက်မှုသည် ဆော်ဒီအာရေဗျ၏ အကျိုးအမြတ်ရရှိမှုကို ကန့်သတ်လိမ့်မည်ဖြစ်သည်။အထူးသဖြင့် ရေရှည်တွင် ဆီးရီးယားနှင့် လက်ဘနွန်တို့၌ ဆော်ဒီအာရေဗျ၏ရပ်တည်လိုမှု ပိုမိုပြင်းထန်လာစေမည်ဖြစ်သည်။ ဤသို့ဖြင့် ဆော်ဒီအာရေဗျသည် ဒေသတွင်း ဦးဆောင်နိုင်မည့်ခြေလှမ်းများကို စတင်လာခဲ့သည်။

**သံတမန်ရေးရာလှုပ်ရှားမှု**

ဆီးရီးယားအသွင်ကူးပြောင်းရေးကာလ သမ္မတအာမက်အယ်လ်ရှာရာသည် ဖေဖော်ဝါရီ ၂ ရက်က ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆာလ်မန်နှင့်တွေ့ဆုံပြီး စီးပွားရေးဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားမှုနှင့် သံတမန်ရေးရာပူးပေါင်းဆောင်ရွက်မှုများဆွေးနွေးရန် ရီယာ့ဒ်မြို့သို့ သွားရောက်ခဲ့သည်။

ဆော်ဒီအာရေဗျသည် အီရန်၏လျော့ကျလာနေသော ဒေသတွင်းဩဇာလွှမ်းမိုးမှုတို့ အစားထိုးမှုနှင့် တူကီယဲနှင့်ကာတာ၏ ဩဇာကြီးထွားလာမှု၊ သို့မဟုတ် ချဲ့ထွင်လာမှုကိုတန်ပြန်ခြင်းဖြင့် ကျန်ရှိနေခဲ့သော လက်ဘနွန်၊ ဆီးရီးယား၊ အီရတ်တို့နှင့် ပြန်လည်ထိတွေ့ ဆက်ဆံလျက်ရှိသည်။ အီရန်၏ ဩဇာလွှမ်းမိုးမှုက အစ္စလာမ္မစ်နယ်မြေတွင် အမြစ်တွယ်နေချိန်၌ ဆော်ဒီအာရေဗျသည် အထူးသဖြင့် အီရန်၏ မကြာသေးမီက ဒေသတွင်း ဆုတ်ယုတ်မှုများကြားတွင် တစ်စိတ်တစ်ပိုင်း သက်သာစေရန် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး လေ့ကျင့်မှုများကိုအသုံးပြုရန် စီစဉ်ထားသည်။ ဥပမာအားဖြင့် လက်ဘနွန်၏ အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအဖွဲ့သည် ၂၀၂၄ ခုနှစ်တွင် အားနည်းသွားခြင်းနှင့် ၂၀၂၅ ခုနှစ်တွင် ဆော်ဒီအာရေဗျနှစ်သက်သော သမ္မတလောင်းနှင့် ဝန်ကြီးချုပ်ရွေးချယ်မှုတို့ပေါ်ပေါက်မှုက ဆော်ဒီအာရေဗျအနေဖြင့် လက်ဘနွန်နှင့် အနည်းဆုံးဆယ်စုနှစ်တစ်ခုကြာ သဘောထားကွဲလွဲပြီးနောက် လက်ဘနွန်အစိုးရနှင့် ဆက်ဆံရေးပြန်လည်ထူထောင်ရန် အချိန်တန်ပြီဖြစ်ကြောင်း ပြသစေသည်။

တစ်ချိန်တည်းတွင် ဆီးရီးယား၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက တူကီယဲကျောထောက်နောက်ခံပြု သူပုန်များက အီရန်ကျောထောက်နောက်ခံပြုထားသော ဘာရှာအာဆတ်အစိုးရကို ဖြုတ်ချခြင်းသည် စစ်ဒဏ်ခံနေရသော နိုင်ငံ၏အနာဂတ်ကို ပုံဖော်ရန် တူကီယဲနှင့် ကာတာအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးခဲ့ပြီး ဆော်ဒီအာရေဗျသည် ၎င်းတို့၏ အစ္စလာမ္မစ်လွှမ်းမိုးမှုကို တန်ပြန်ရန်အတွက် ကြားဝင်စွက်ဖက်ရန် လှုံ့ဆော်ပေးခဲ့သည်။

နောက်ဆုံးတွင် အီရန်၏ ဒေသတွင်းဩဇာလွှမ်းမိုးမှုကျဆင်းလာမှုသည် အီရတ်နှင့် ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရန် ဆော်ဒီအာရေဗျအတွက် မက်လုံးများပေးထားပြီး အဓိကအားဖြင့် အီရန်ကျောထောက်နောက်ခံပြု ပြည်သူ့စစ်များ၏ခြိမ်းခြောက်မှုကို တန်ပြန်ရန်နှင့် အစွန်းရောက်ဝါဒကို တားဆီးမှုနှင့် ဒေသတွင်းတည်ငြိမ်ရေးမြှင့်တင်မည့် ဆွန်နီနိုင်ငံရေးပါဝင်မှုကို ပံ့ပိုးပေးသည်။ သုံးနိုင်ငံစလုံးတွင် ထားရှိသည့် ဆော်ဒီအာရေဗျ၏ အဓိကရည်မှန်းချက်များမှာ အီရန်၏ ဩဇာလွှမ်းမိုးမှုကိုလျှော့ချခြင်း၊ ဒေသတွင်းတည်ငြိမ်မှုကို ထိန်းသိမ်းခြင်း၊ ဒေသတွင်း စီးပွားရေးနှင့် နိုင်ငံရေးပေါင်းစည်းမှုကို တိုးမြှင့်ခြင်း၊ စီးပွားရေးအခွင့်အလမ်းများလုံခြုံစေခြင်း၊ အစွန်းရောက်ခြိမ်းခြောက်မှုများကို တန်ပြန်ခြင်းနှင့် အာရပ်ကမ္ဘာ၏ခေါင်းဆောင်အဖြစ် ဆော်ဒီအာရေဗျ၏ အခန်းကဏ္ဍကို ပြန်လည်ထူထောင်ခြင်းတို့ ပါဝင်သည်။

**လက်ရှိလှုပ်ရှားမှုများနှင့် အနာဂတ်အလားအလာ**

လာမည့်လများတွင် ဆော်ဒီအာရေဗျသည် ဟစ်ဇ်ဘိုလာ၏ ဩဇာလွှမ်းမိုးမှုကို ပိုမိုလျှော့ချရန် စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ရေးလမ်းကြောင်းများမှတစ်ဆင့် လက်ဘနွန်အစိုးရသစ်နှင့် ဆက်လက်ထိတွေ့ဆက်ဆံမည်ဖြစ်သည်။ ဆော်ဒီအာရေဗျ၏ အကူအညီအတွက် တုံ့ပြန်သည့်အနေဖြင့် ဆော်ဒီ



ဆီးရီးယားသမ္မတနှင့် ဆော်ဒီအိမ်ရှေ့မင်းသားတို့ ရီယာ့ဒ်မြို့တွင် တွေ့ဆုံစဉ်။

အာရေဗျသည် လက်ဘနွန်ဘဏ်လုပ်ငန်းကဏ္ဍတွင် ပွင့်လင်းမြင်သာမှုအတွက် အနည်းဆုံးအနေဖြင့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် တောင်းဆိုဖွယ်ရှိပြီး ဆော်ဒီအာဏာပိုင်များသည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအစီအမံများနှင့် ပို့ကုန်နှင့်သွင်းကုန်များအပေါ် ကြီးကြပ်ကွပ်ကဲမှုတို့ကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ ဤပြုပြင်ပြောင်းလဲမှုများက ဆော်ဒီ၏ရန်ပုံငွေများသည် အကျင့်ပျက်ခြစားသောကွန်ရက်များ သို့မဟုတ် ဟစ်ဇ်ဘိုလာတို့၏ဘဏ္ဍာတိုက်တို့ကို မရည်ရွယ်ဘဲငွေကြေးပံ့ပိုးခြင်းထက် လက်ဘနွန်နိုင်ငံကို ၎င်း၏အဖွဲ့အစည်းများ အားကောင်းလာစေရန်နှင့် ဟစ်ဇ်ဘိုလာ၏ အားနည်းချက်များကို အရင်းအနှီးအသုံးချရန် ကူညီမှုကို သေချာစေမည်ဖြစ်သည်။

နိုင်ငံရေးအရ ဆော်ဒီအာရေဗျသည် ဝန်ကြီးချုပ်ဟောင်း ဆက်ဟာရီရီ၏ အနာဂတ်လှုပ်ရှားမှု အကြွင်းအကျန်များအပါအဝင် လက်ဘနွန်ရှိ ၎င်း၏ အစဉ်အလာအရ ဆွန်နီမဟာမိတ်များကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းမည်ဖြစ်သည်။ ထို့ပြင် ဟစ်ဇ်ဘိုလာနှင့် ကင်းကွာလိုသော ခရစ်ယာန်အုပ်စုများကိုစုစည်းကာ လက်ဘနွန်အမျိုးသားလွှတ်တော်နှင့်အစိုးရအဖွဲ့အပေါ် ဩဇာလွှမ်းမိုးမှု ပိုမိုကျဆင်းစေမည်ဖြစ်သည်။ ဤချဉ်းကပ်မှုသည် တူကီယဲနှင့် ကာတာအတွက် တန်ပြန်လုပ်ဆောင်မှုတစ်ခုဖြစ်ပြီး ၎င်းတို့နှစ်နိုင်ငံစလုံးသည် အစ္စလာမ်ဘာသာဝင်များ အပါအဝင် နိုင်ငံရေးအဖွဲ့ခွဲများအတွက် ငွေကြေးအကူအညီနှင့်ပံ့ပိုးမှုများမှတစ်ဆင့် အစ္စလာမ္မစ်နယ်မြေနှင့်လက်ဘနွန်တို့တွင် ၎င်းတို့၏ လက်လှမ်းမီမှုကို ချဲ့ထွင်နိုင်မည်ဖြစ်သည်။ နောက်ဆုံးတွင် ဆော်ဒီအာရေဗျသည် ၎င်း၏ဩဇာလွှမ်းမိုးမှုကို သေချာစေပြီး ဟစ်ဇ်ဘိုလာများ ပြန်လည်ပေါ်ပေါက်လာမှုကို ဟန့်တားရာတွင် အဓိကကျသောအထောက်အပံ့ဖြစ်မည့် လုံခြုံရေးညှိနှိုင်းမှုများနှင့် ငွေကြေးပံ့ပိုးမှုများမှတစ်ဆင့် လက်ဘနွန်တပ်မတော်ကို ဆက်လက်ထောက်ခံမည်ဖြစ်သည်။ ဆော်ဒီအာရေဗျသည် နိုင်ငံရပ်ခြားအကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ပြုလုပ်ရန်အတွက် ဖွဲ့စည်းပုံဆိုင်ရာပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် လက်ဘနွန်အစိုးရများကို နှစ်ပေါင်းများစွာတိုက်တွန်းခဲ့သည်။ သို့သော်လည်း အဆိုပါအစိုးရအသီးသီးသည် ပြည်တွင်းနိုင်ငံရေးသဘောထားကွဲလွဲမှုနှင့် ဒေသတွင်းအုံကြွမှုများကြောင့် ထိုသို့လုပ်ဆောင်ရန် ဆန္ဒမရှိခဲ့ပေ။

ဆော်ဒီအာရေဗျသည် ဆီးရီးယားတွင် ဒေသတွင်းပြိုင်ဘက်များ၏ ကြီးထွားလာသော ဩဇာလွှမ်းမိုးမှုကိုတန်ပြန်ကာ ဆီးရီးယားကို တည်ငြိမ်စေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ၏ပျက်စီးနေသောအခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ရန် သံတမန်ရေးနှင့် စီးပွားရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုကို အရှိန်မြှင့်လုပ်ဆောင်မည်ဖြစ်သည်။ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး မင်းသားဖာအီဆယ်လ်၏ ဇန်နဝါရီ ဆီးရီးယားခရီးစဉ်အတွင်း ဆော်ဒီအာရေဗျသည် ဆီးရီးယားကြားဖြတ်အစိုးရနှင့် ထိတွေ့ဆက်ဆံမှု တိုးလာကြောင်း အချက်ပြနေသည်။ အပြန်အလှန်အားဖြင့် ဆီးရီးယားသမ္မတသစ် အယ်လ်ရှာရာ၏ ပထမဆုံး သံတမန်ခရီးစဉ်အတွက် ဦးတည်ရာအဖြစ် ဆော်ဒီအာရေဗျကို ရွေးချယ်ခြင်းသည် ဆီးရီးယားနိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ဆော်ဒီအာရေဗျ၏အခန်းကဏ္ဍကို တိုးချဲ့ရန် စိတ်ဝင်စားကြောင်း အချက်ပြနေသည်။ သမ္မတအယ်လ်ရှာရာ၏ခရီးစဉ်သည် ဆီးရီးယားတွင် ဂိုဏ်းဂဏအုပ်စုအားလုံးပါဝင်ပြီး အစွန်းရောက်အယူဝါဒကို ထိန်းချုပ်ထားမှုပါဝင်သော နိုင်ငံရေးမူဘောင်တစ်ခုအတွက် ဆော်ဒီအာရေဗျ၏ တောင်းဆိုမှုများနှင့်ကိုက်ညီစေရန် ၎င်း၏အစိုးရကို လမ်းဖွင့်ထားသည်ဟု ကောက်ချက်ချထားသည်။

ဆီးရီးယား၏ မူးယစ်ဆေးဝါးထုတ်လုပ်မှု ကွန်ရက်များကို ဖျက်သိမ်းခြင်းဆိုင်ရာတိုးတက်မှုသည် အသုံးဝင်သော ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်တစ်ခုအဖြစ်လည်း ဆောင်ရွက်မည်ဖြစ်သည်။ အထူးသဖြင့် ဆော်ဒီအာရေဗျနှင့် အခြား အာရပ်နိုင်ငံများနှင့်ကုန်သွယ်မှု ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ များပြားလှသော ဆော်ဒီရင်းနှီးမြှုပ်နှံမှုများအတွက် လမ်းခင်းရန် ဆော်ဒီအာရေဗျသည် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို တစ်စိတ်တစ်ပိုင်းသက်သာရာရစေရန် ကူညီပေးမည်ဖြစ်ပြီး ထိုသို့သက်သာမှုက ဆော်ဒီကုမ္ပဏီများနှင့်မဟာမိတ်များကို ဆီးရီးယား၏ပုဂ္ဂလိကကဏ္ဍသို့ အရင်းအနှီးထည့်ဝင်ကာ ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုတွင် ၎င်း၏ အများပိုင်ကဏ္ဍကို ရွေးချယ်ပံ့ပိုးနိုင်စေမည်ဖြစ်သည်။ ဤရင်းနှီးမြှုပ်နှံမှုများဖြင့် ဆော်ဒီအာရေဗျသည် ဒေသတွင်းလုံခြုံရေးကို အကာအကွယ်ပေးရန်အတွက် မရှိမဖြစ်လိုအပ်သည့် အိမ်နီးချင်း ဂျော်ဒန်၊ လက်ဘနွန်၊ အီရတ်တို့သို့ အစ္စလာမ္မစ် စစ်သွေးကြွများပျံ့နှံ့မှုကို တားဆီးရန်ရည်ရွယ်မည်ဖြစ်သည်။

အီရန်ကိုတန်ပြန်ရန် ရင်းနှီးမြှုပ်နှံမှုများနှင့် သံတမန်ဆက်ဆံရေးအပေါ်မှီခိုခဲ့ရသည့် အီရတ်နိုင်ငံနှင့်မတူဘဲ အတိုက်အခံအုပ်စုများကို ပံ့ပိုးကာ အယ်လ်အာဆတ်အစိုးရကို စီးပွားရေးအရ ခွဲထုတ်ရန်ကြိုးပမ်းခဲ့သည့် ဆီးရီးယားပြည်တွင်းစစ်တွင် ဆော်ဒီအာရေဗျသည် ပိုမိုတက်ကြွစွာပါဝင်ခဲ့သည်။ စစ်မဖြစ်မီက ဆီးရီးယား-ဆော်ဒီ ကုန်သွယ်ရေးတွင် အဓိကကျသောဖလှယ်မှု၌ ရေနံနှင့် စွမ်းအင်၊ စိုက်ပျိုးရေးပို့ကုန်၊ အထည်အလိပ်၊ ဆောက်လုပ်ရေးရင်းနှီးမြှုပ်နှံမှုများ၊ ငွေကြေးဆိုင်ရာဆက်ဆံမှု၊ ဘာသာရေးခရီးသွားလုပ်ငန်းနှင့် ဆေးဝါးများပါဝင်သည်။

ဆော်ဒီအာရေဗျသည် နိုင်ငံဖြတ်ကျော် မူးယစ်ဆေးမှောင်ခိုကွန်ရက်များကိုနှိမ်နင်းရန်၊ အကြမ်းဖက်ခြိမ်းခြောက်မှုများကိုတားဆီးရန်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခိုင်ခံ့စေရန်နှင့် နိုင်ငံမဟုတ်သော ပြည်သူ့စစ်များ၏ ဩဇာလွှမ်းမိုးမှုကိုလျှော့ချရန်ရည်ရွယ်ချက်ဖြင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များကို အားကောင်းစေဖွယ်ရှိသည်။ တစ်ချိန်တည်းတွင် ၂၀၂၅ ခုနှစ်နှောင်းပိုင်း၌ ပြုလုပ်ရန် စီစဉ်ထားသော အီရတ်ပါလီမန်ရွေးကောက်ပွဲများနှင့်အတူ ဆော်ဒီမူဝါဒချမှတ်သူများသည် ဆွန်နီအဖွဲ့ခွဲများသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိနိုင်ပြီး ရှီးယိုက်အုပ်စုတချို့နှင့် တိတ်တဆိတ် မဟာမိတ်ဖွဲ့နိုင်သည်။

ခြုံ၍ဆိုရလျှင် ရေရှည်တွင် ဆော်ဒီအာရေဗျသည် အီရန်နှင့် ရန်မလိုမှုကိုထိန်းသိမ်းရန် အီရတ်နှင့် သတိကြီးစွာဆက်ဆံမှုကို ဆက်လက်ထိန်းသိမ်းထားစဉ် လက်ဘနွန်နှင့် ဆီးရီးယားတွင် ပိုမိုလှုပ်ရှားလာဖွယ်ရှိသည်။ Levantine နိုင်ငံသုံးနိုင်ငံအနက် ဆီးရီးယားနှင့် လက်ဘနွန်တို့သည် မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် အရေးကြီးသောကုန်သွယ်ရေးအချက်အချာနှင့် အာရပ်ကမ္ဘာသို့ ဝင်ပေါက်ထွက်ပေါက်ဖြစ်သောကြောင့် ဆော်ဒီအာရေဗျအတွက် အရေးအကြီးဆုံးဖြစ်သည်။ ဆော်ဒီအာရေဗျသည် IS အဖွဲ့၊ဟစ်ဇ်ဘိုလာနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုတို့ ပါဝင်သည့် ဆီးရီးယားနှင့်လက်ဘနွန်၏ အထိအခိုက်မခံသော လုံခြုံရေးပတ်ဝန်းကျင်နှင့် တူကီယဲ၊ ကာတာတို့၏ ဩဇာလွှမ်းမိုးမှုကြီးထွားလာခြင်းအတွက်လည်း စိုးရိမ်လျက်ရှိသည်။ ဤနောက်ခံအကြောင်းအရာကိုအကြောင်းပြု၍ နိုင်ငံရေးနှင့် စီးပွားရေးအရ ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် ဆော်ဒီအာရေဗျ၏ ဩဇာလွှမ်းမိုးနိုင်မှုချဲ့ထွင်လာဖွယ်ရှိသည်။ ထို့ကြောင့် ဆော်ဒီအာရေဗျသည် ၎င်း၏ဩဇာလွှမ်းမိုးမှုကိုကာကွယ်ထားဆဲဖြစ်ပြီး တိုက်ရိုက်ပါဝင်ပတ်သက်မှုကို ရှောင်ရှားရန်ကြိုးပမ်းနေသောကြောင့် အမေရိကန်နှင့်အစ္စရေးတို့က အီရန်သို့မဟုတ် အီရတ်ကို ရန်လိုလာပါက ဤချဉ်းကပ်မှုသည် ဆော်ဒီအာရေဗျအတွက် ပို၍အရေးပါလာမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- Saudi Arabia Moves To Counterbal-ance Turkey and Qatar, Replace Iran in the Levant, Strafor.com, February, 2025

**မောင်ဝေလွှမ်း(သုတေသီ)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ဉာဏ်ပညာရှိတဲ့ ငုံးကလေး

တစ်ခါတုန်းက ငုံးကလေးတစ်ကောင်ဟာ တောအုပ်တစ်ခုမှာ နေထိုင်ပါတယ်။ နေ့စဉ်နေ့တိုင်း လိုလို တောအုပ်ကြီးထဲပျံသန်းရင်း အစာရှာဖွေစားသောက်နေပါတယ်။ ဒီလိုနဲ့ တစ်နေ့သောအခါမှာ ငုံးကလေးက အစာရှာဖွေနေရင်း မုဆိုးတစ်ယောက်ထောင်ထားတဲ့ကျော့ကွင်းမှာ မိသွားပါတော့တယ်။ မုဆိုးကြီးလဲ ကျော့ကွင်းမှာမိသွားတဲ့ ငုံးကလေးကို ဖမ်းပြီး အိမ်ကိုပြန်သွားပါတော့တယ်။ မုဆိုးကြီးက အိမ်ရောက်တော့ ငုံးကလေးကို ငုံးတွေလှောင်ထားတဲ့လှောင်အိမ်ထဲကို ထည့်လိုက်ပါတော့တယ်။ ဖမ်းခေါ်လာတဲ့ ငုံးကလေးအပြင် အရင်ရက်တွေက ဖမ်းထားတဲ့ငုံးတွေနဲ့ လှောင်ချိုင့်ထဲမှာ ငုံးတွေ ပြည့်နှက်နေပါတော့တယ်။ ငုံးကလေးဟာ အဖမ်းခံလိုက်ရတဲ့အတွက် အလွန်ပဲစိတ်ထိခိုက်နေပါတယ်။ နောက်တစ်နေ့မနက်ရောက်တော့ မုဆိုးကြီးဟာ ငုံးတွေလှောင်ထားတဲ့ လှောင်ချိုင့်နားကိုရောက်လာပါတော့တယ်။ လှောင်ချိုင့်ဖုံးကို အသာဖွင့်ပြီး သူလှောင်ထားတဲ့ငုံးတွေထဲက ဝဖြိုးနေတဲ့ ငုံးတစ်ကောင်ကို ဖမ်းခေါ်သွားပါတော့တယ်။ ငုံးကလေးလဲ မုဆိုးကြီး ဘာကြောင့်ဝဖြိုးနေတဲ့ ငုံးကိုမှရွေးဖမ်းသလဲဆိုတာ သိချင်ဇောနဲ့ လှောင်ချိုင့်ကြားကနေပြီး လှမ်းကြည့်လိုက်ပါတော့တယ်။ တကယ်တော့ မုဆိုးကြီးက ဝဖြိုးနေတဲ့ငုံးကို လှောင်ချိုင့်ထဲက ဖမ်းယူသွားတယ်ဆိုတာ လူတွေဆီကို ရောင်းစားတာပါ။ ဒါကိုမြင်လိုက်ရတဲ့ ငုံးကလေးဟာ ပိုပြီးကြောက်လန့်သွားပါတယ်။ ငုံးလာဝယ်ကြတဲ့သူတွေက ဝဖြိုးနေတဲ့ငုံးတွေကို စားသောက်ဖို့အတွက် ဝယ်ကြတာပါ။ ငုံးလာဝယ်တဲ့လူတွေလက်ထဲပါသွားတဲ့ငုံးမှန်သမျှ အကုန်သေကြရမယ်ဆိုတာ ငုံးကလေးသိလိုက်ပြီးကတည်းက လှောင်ချိုင့်ထဲက လွတ်မြောက်ဖို့ကြံစည်ပါတော့တယ်။ တစ်နေ့မှာ ငုံးတချို့ဟာ လှောင်ချိုင့်ထဲမှာ အတောင်တဖျပ်ဖျပ်ခတ်ရင်း လှောင်ချိုင့်အပြင်ကိုထွက်ဖို့



ကြိုးစားနေကြပါတယ်။ မုဆိုးကြီးက ငုံးလှောင်ချိုင့်ကို သံတွေနဲ့ အခိုင်အမာတည်ဆောက်ထားတာကြောင့် ငုံးတွေ ဘယ်လိုပင်ရုန်းကန်ပါစေ လှောင်ချိုင့်အပြင်ဘက်ကို မထွက်နိုင်ကြပါဘူး။ အတောင်ခတ်ပြီး အပြင်ထွက်ဖို့ ကြိုးစားတဲ့အတွက်ကြောင့် သူတို့ရဲ့အတောင်တွေသာကြိုးပဲ့ပြီး သေပွဲဝင်သွားကြပါတော့တယ်။ ဒီအဖြစ်အပျက်ကိုမြင်တွေ့ပြီး ငုံးကလေးဟာ အကြံအစည်တစ်ခုကို ကြံစည်ပါတော့တယ်။

မုဆိုးကြီးဟာ လှောင်ချိုင့်ထဲကငုံးတွေကို ကောင်းပေ့ဆိုတဲ့သီးနှံတွေ နေ့တိုင်းကျွေးပါတယ်။ အစားအစာကောင်းတွေစားသောက်ပြီး ဝဖြိုးလာတဲ့ငုံးတွေကို ငုံးသားစားဖို့ လာဝယ်သူတွေကို ရောင်းချပါတယ်။ တကယ်တော့ မုဆိုးကြီးဟာ ငုံးတွေကို သီးနှံအကောင်းစားတွေကျွေးတာက ငုံးကလေးတွေကို စေတနာရှိလို့မဟုတ်ပါဘူး။ ဆူဖြိုးပြီး ဝလာရင် ရောင်းစားဖို့ပါ။ ဒီအကြောင်းကိုသိသွားတဲ့ငုံးကလေးက မုဆိုးကြီးကျွေးတဲ့သီးနှံတွေကို အသက်ရှင်ရုံသာစားပြီး အဝမစားတော့ပါဘူး။ သီးနှံတွေကို အဝမစားဘဲ အသက်ရှင်ရုံသာစားတဲ့အတွက် ငုံးကလေးဟာ တခြားငုံးတွေလို ဝဖြိုးမလာဘဲ ပိန်ကပ်ကပ်ဖြစ်လာပါတယ်။ ဝဖြိုးနေတဲ့ငုံးတွေကိုတော့ ဝယ်သူလာရင် ရောင်းချပါတယ်။ နောက်ဆုံးမှာ ပိန်ကပ်ပြီး အားအင်ချည့်နဲ့နေတဲ့ ငုံးကလေးတစ်ကောင်ပဲ လှောင်ချိုင့်ထဲမှာ ကျန်နေပါတော့တယ်။

တစ်နေ့တော့ မုဆိုးကြီးဟာ လှောင်ချိုင့်နားကိုရောက်လာပြီး ပိန်ကပ်နေတဲ့ ငုံးကလေးကို နေမကောင်းဖြစ်နေတာလားဆိုပြီး လှောင်ချိုင့်ထဲကနေ အပြင်ကိုထုတ်ကြည့်လိုက်ပါတယ်။ အားအင်ချည့်နဲ့နေတယ်အထင်နဲ့ မုဆိုးကြီးက သူ့ရဲ့လက်ဖဝါးပေါ်တင်ပြီး ကြည့်နေပါတော့တယ်။ ဒီအချိန်မှာ ငုံးကလေးဟာ အခွင့်ကောင်းကြုံနေတဲ့အတွက် ရှိသမျှအားကိုစုပြီး အတောင်ကိုခတ်ကာ အတင်းပျံသန်းသွားပါတော့တယ်။ ငုံးကလေးလဲ မုဆိုးကြီးရဲ့လက်က လွတ်မြောက်သွားပါတော့တယ်။

ကလေးတို့ရေ ဒီဇာတ်လမ်းကလေးထဲက ငုံးကလေးဟာ တခြားငုံးတွေလို ကျွေးသမျှစားပြီး အတင်းရုန်းကန်တာမပြုဘဲ ဖြစ်ပျက်နေတဲ့အခြေအနေကို ကိုယ်ပိုင်ဉာဏ်နဲ့သေချာသုံးသပ်ပြီး လွတ်လမ်းကို ရှာသွားတာပါကွယ်။ ကလေးတို့လဲ ဒီပုံပြင်လေးကို အတုယူပြီး အရာရာကိုအလောတကြီးမဆုံးဖြတ်ဘဲ စိတ်အေးအေးထားကာ ကိုယ်ပိုင်ဉာဏ်ကို အသုံးချကြဖို့ ပြောပါရစေကွယ်။

**မောင်သိန်းနိုင်(လက်ဖက်ရည်)**

## စာပေဖတ်မှ ဘဝလှ



♦ စာအုပ်စာပေ ဆိုသည်မှာ
ဖိုးထိုက်ရတနာ၊
နေ့စဉ်ဖွေရှာ ဖတ်ရှုမှ
အသိဉာဏ်ထွန်းပ။

♦ သုတရသ တိုးကာရယ်
ဘဝလှစေတယ်၊
မှားမှန်နှစ်သွယ် ပိုင်းခြားသိ
အောင်ပွဲဆင်နွှဲ၏။ ။

**ရဲသွေးနီ(တက်ဝန်)**

## မြန်မာ့ရုပ်သေး



♦ ရုပ်သေးရုပ် ရုပ်သေးရုပ်
ကြိုးနဲ့ကကွက်ထုတ်။

♦ ခေါင်းလေးလှုပ်လို့ လက်မြောက်ကာ
ဖျော်ဖြေတင်ဆက်တာ။

♦ ခြေလေးကြွကာ ခါးကိုကော့
စတိုင်ခပ်ကြော့ကြော့။

♦ လည်တိုင်မော့မော့ သူ့အသွင်
ဆန်းပြားတစ်မျိုးယဉ်။

♦ ကမ္ဘာ့အလယ်တွင် စံတင်ရ
မြန်မာ့ရုပ်သေးလှ။ ။

**စိုင်းနေဝန်း(ဟူမ္ဗလင်း)**

# တဟုန်ဖန်

(၁) Cashier အမျိုးသမီး (၂)ဦး
(၂) အရောင်းဝန်ထမ်း အမျိုးသမီး (၄)ဦး
(၃) ပစ္စည်းပို့ဝန်ထမ်း အမျိုးသား (၆)ဦး
– (က) လိုင်စင်ရှိရမည်။
(၄) Marketing အမျိုးသား/အမျိုးသမီး (၆)ဦး
– ကိုယ်ပိုင်ဆိုင်ကယ်နှင့် (က)လိုင်စင်ရှိရမည်။

အထက်ပါဝန်ထမ်းများ လျှောက်ထားလိုပါက CV ဖောင် အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ထောက်ခံစာနှင့် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ဖုန်းနံပါတ် – 09-783588880၊ 09-783688880၊ 09-257483611

လိပ်စာ – ၆၂ လမ်း၊ ၁၁၀ x ၁၁၁ လမ်းကြား၊ မန္တလေးမြို့။

# ဖခင်အမည်မှန်

မန္တလေးမြို့၊ အမက(၅)၊ Grade-5 တွင် ပညာသင်ကြားနေသော မပိုးကြာဖြူခင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်စိုး(၁၄/ပသန(နိုင်)၂၁၂၁၂၁) ဖြစ်ပါကြောင်း။

ဦးအောင်နိုင်စိုး(၁၄/ပသန(နိုင်)၂၁၂၁၂၁)

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်မြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"
"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၅ | ၃၂၇၀ | ၃၂၃၅ | ၃၀၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၂၂၅ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၁၅ | ၃၂၈၀ | ၃၃၀၀ | ၃၅၆၀ |
| 95 Ron | ၃၂၀၅ | ၃၃၂၀ | ၃၂၈၅ | ၃၂၂၀ | ၃၃၂၅ | ၃၃၄၀ | ၃၃၆၀ | ၃၂၇၅ | ၄၅၆၀ | ၃၅၇၀ | ၃၂၉၅ | ၃၂၉၅ | ၃၃၆၅ | ၃၃၃၀ | ၃၃၅၀ | ၃၆၁၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၈၀၅ | ၂၇၇၀ | ၂၇၀၅ | ၂၈၁၀ | ၂၈၂၅ | ၂၈၄၅ | ၂၇၆၅ | - | ၃၀၅၅ | ၂၇၈၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၁၅ | ၂၈၄၀ | ၃၀၉၅ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၂ | ၃၀၇၅ |
| 95 Ron | ၃၀၃၀ | ၃၁၂၄ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၃၁၅၁ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၁ | ၃၂၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

**We Protect The Family**



နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## ဝန်ထမ်းအလိုရှိသည်

- **Senior Account** — Female (3) Posts
  - ✔ B.Com (or) LCCI Level 3 ပြီးသူ
  - ✔ ကွန်ပျူတာကျွမ်းကျင်သူ
  - ✔ အတွေ့အကြုံ (၁)နှစ်အထက်ရှိ၍ စာရင်းတိကျစွာလုပ်နိုင်သူ
  - ✔ A/C Software တတ်ကျွမ်းသူ
- **Sales Supervisor** — Male (3) Posts
  (စားသောက်ကုန်ပစ္စည်းဖြန့်ချိရန်အတွက်)
  - ✔ ဘွဲ့ရရှိပြီးသူ၊ အသက် (၂၃)နှစ်မှ (၃၂)နှစ်အတွင်းဖြစ်ရမည်။
  - ✔ ၎င်းရာထူးဖြင့် အထက်ပါအရောင်းလုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူဖြစ်ရမည်။
  - ✔ နယ်ခရီးသွားနိုင်ရမည်။
  - ✔ စကားပြောပြေပြစ်၍ လူမှုဆက်ဆံရေးကောင်းမွန်သူ၊ ဦးဆောင်နိုင်စွမ်းရှိသူဖြစ်ရမည်။
- **Sales Leader** — Male (3) Posts
  - ✔ ဘွဲ့ရရှိပြီးသူ၊ အသက် (၂၃)နှစ်မှ (၃၂)နှစ်အတွင်း ဖြစ်ရမည်။
  - ✔ ၎င်းရာထူးဖြင့် အရောင်းလုပ်ငန်း အတွေ့အကြုံ (၂)နှစ်ရှိသူဖြစ်ရမည်။
  - ✔ Mobile Way အတွေ့အကြုံရှိသူဖြစ်ရမည်။
  - ✔ ရုပ်ရည် အသင့်အတင့်ရှိ၍ ဆက်ဆံရေးကောင်းမွန်သူ၊ ဦးဆောင်နိုင်စွမ်းရှိသူဖြစ်ရမည်။
- **ယာဉ်မောင်း** — Male (5) Posts
  - ✔ ယာဉ်မောင်းလိုင်စင် (ခ)နှင့် (င)လိုင်စင်ရှိသူများ။
  - ✔ အသက် (၄၀)နှစ်အောက်။
  - ✔ အရက်သေစာ မသောက်စားသူ။
  - ✔ (င)လိုင်စင်များ နယ်ခရီးသွားနိုင်ရမည်။

လျှောက်ထားလိုသူများ CV Form အပြည့်အစုံ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ အိမ်ထောင်စုလူဦးရေးစာရင်းမိတ္တူတို့နှင့်အတူ အောက်ဖော်ပြပါ လိပ်စာသို့ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

**DaNa Shein Company Limited**
**No.30၊ ဠ 13/1၊ 73C, Between 117 & 118 လမ်း၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ Ph. 09-977182531၊ 09-977182536**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

### အိတ်ဖွင့်တင်ဒါကြေညာချက်

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်း ကျောင်းသား၊ ကျောင်းသူနားနေဆောင်မှ ဆိုင်ခန်းများအား ငှားရမ်းရန်ရှိပါသည်။

၂။ အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုကြသော လုပ်ငန်းရှင်တစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုချင်းကဖြစ်စေ ဆောင်ရွက်လိုပါက တင်ဒါအဆိုပြုလွှာများ တင်သွင်းလျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

(က) ဆိုင်ခန်း (၃)ခန်း၏ အတိုင်းအတာ
RC-01=12'x11', RC-02=12'x11',RC-03=(24'x44')

( ခ ) ဆိုင်ခန်းများတွင်ရောင်းချရမည့် အမျိုးအမည်
RC-01 = စတိုးဆိုင်
RC-02 = မိတ္တူဆိုင်
RC-03 = စားသောက်ဆိုင်

၃။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ငွေစာရင်းဌာနတွင် တင်ဒါသတ်မှတ်ပုံစံများ ကို (၁၁-၃-၂၀၂၅)ရက်နေ့မှ (၁၈-၃-၂၀၂၅)ထိ ဝယ်ယူပြီး (၂၂-၃-၂၀၂၅)ရက်နေ့ ညနေ (၃:၀၀)နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းနိုင်သည်။ တင်ဒါတင်သွင်းသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရမည်။

၄။ (၂၂-၃-၂၀၂၅)ရက်နေ့ ညနေ (၃:၀၀)နာရီ တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ တင်ဒါရရှိသူကိုရွေးချယ်ရာတွင် တင်ဒါကော်မတီ၏အဆုံးအဖြတ်သည်သာ အတည်ဖြစ်ပါသည်။

**ဆိုင်ခန်းတင်ဒါကော်မတီ**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

**အိမ်ပြင်ပဍ္ဍ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**


### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ၇၃ A၊ ၁၁၂ x ၁၁၃ ကြားနေ ကိုကျော်မင်းစိုး (ဘ) ဦးညီညီအောင်(၉/ခမစ(နိုင်)၀၁၈၈၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၆၅၄၁၅၂

### ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်နေ မနှင်းနှင်းလှိုင် (ဘ) ဦးဟွမ်စိန်မြင့်(၁၃/ကမန(ပြု)၀၀၀၈၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-116548)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၇၅၂၈၅၇၆

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



- ❖ MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့ကို ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...
- ❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါလာသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဆာမားရား၌ တွေ့ဆုံဆွေးနွေးစဉ် ပါဝင်သည့် အမျိုးသမီးများအား ဂုဏ်ပြု

နေပြည်တော် မတ် ၈

ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှနေ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆာမားရားမြို့သို့ အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့သည်။

ထိုသို့ သွားရောက်နေစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် **စာမျက်နှာ ၁၇ ကော်လံ ၁ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံမှ အမျိုးသမီးများကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုစကားပြောကြားစဉ်။

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်ကြိုးတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com